


# ဒီဘဝနိဗ္ဗာန်ရချင်ရင်
# သစ္စာတရားနာလို့၊ သစ္စာတွေ့ရင်ပြီးပါတယ်

## သံသယစိတ်သတ်တဲ့နည်း

၂၀၆

ဟောကြားသည့်နေ့
(၂၅-၈-၆၁)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၁၈)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူအပ်သော တရားတော်

# ဒီဘဝနိဗ္ဗာန်ရချင်ရင်
# သစ္စာတရားနာလို့ သစ္စာတွေ့ရင်ပြီးပါတယ်
## (သံသယစိတ်သတ်တဲ့နည်း)

ဟောကြားသည့်နေ့ (၂၅-၈-၆၁)

ယခုဘဝ၌ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး ရောက်ချင်ပါတယ်ဆိုလို့ရှိရင်ဖြင့် များများအလုပ်-မလုပ်ရပါဘူးတဲ့၊ ဘုရားက နှစ်လုပ်ပဲလုပ်ပါကွာတဲ့ . . . (မှန်ပါ)။

ဒကာ ဒကာမတွေ ယခုဘဝနိဗ္ဗာန်ရချင်လို့ရှိရင်ဖြင့်တဲ့ များများအလုပ်မရှိပါဘူး၊ နှစ်လုပ်-လုပ်ပါလို့ပြောတာ. . . (မှန်ပါ)။

## ဘုရားကိုယ်တော်တိုင်ဟောခဲ့တာ

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ဖို့ရာဟာလည်း များများအလုပ် မလုပ်ရပါဘူး၊ နှံစ်ခုတည်း အကြောင်းနှစ်ခု လုပ်လိုက်လို့ရှိရင်ပြီးပါတယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး က အင်္ဂုတ္တိုရ်ပါဠိတော်မှာလည်း တစ်ခါဟောတယ် (မှန်ပါ့)၊ မဇ္ဈိမ နိကာယ်ဖြစ်တဲ့ပဏ္ဏာသ ပါဠိတော်မှာလည်း တစ်ခါဟောတယ် (မှန်ပါ့ဘုရား)။

ပြီးတော့မှ ရှင်မဟာကစ္စည်းက တစ်ခါ ပေဋကော ပဒေသမှာလည်း တစ်ခါဟောတယ်။

ဩော်. . . ဒါဖြင့် သုံးချက်ညီပြီးသကာလ ကိုယ်တော် မြတ်ကြီးကိုယ်တိုင်နှစ်ခါ၊ တပည့်သားကတစ်ခါဆိုတော့ သုံးခါ (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်လိုချင်ရင်အကြောင်းနှစ်ခုအားထုတ်

ဟာ ယခုဘဝ သာဝကပါရမီဉာဏ်နဲ့ နိဗ္ဗာန်လိုချင်ပါ တယ်ဆိုရင် အကြောင်းနှစ်ခုအလုပ်-လုပ်ရင်ပြီးတာပါပဲကွာတဲ့ (မှန်ပါ့)ဆိုတော့ ဒကာ ဒကာမတွေ အားရှိအောင်ပြောတယ်လို့ ဒီလိုမယူနဲ့ . . . (မှန်ပါ့) ဒီလိုမယူပါနဲ့၊ အားရှိအောင်ပြောတာ မဟုတ်ပါဘူးလို့ မှတ်ကြပါနော် . . . (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး အမြင်ကျယ်ကျယ်နဲ့ ပြောတဲ့ သူ့ပါရမီနဲ့ရတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ပြောဆိုတဲ့ သဘောပဲ၊ ကိုယ်တော်မြတ်ကြီး သဘောမဟုတ်ဘူး၊ ကိုယ်တော်မြတ်ကြီး၏ သဗ္ဗညုတဉာဏ်၏သဘောပဲဆိုတာ သေသေချာချာ မှတ်ပါ . . . (မှန်ပါ့)။

## ယခုဘဝနိဗ္ဗာန်ရချင်ရင်

ဒါဖြင့် . . . ဒကာ ဒကာမတို့ ယခုဘဝ နိဗ္ဗာန်ရချင်ရင် အကြောင်းဘယ်နှစ်မျိုးအားထုတ်ရမတုံး (နှစ်မျိုးအားထုတ်ရပါမယ်ဘုရား)။

နှစ်မျိုးတည်းဆိုတော့ ဒကာကြွယ်အနည်းသားပဲ (နည်းပါတယ်ဘုရား) နည်းပေမယ့်လည်း ဘယ့်နှယ်ကြောင့် ဒီ ဒကာ ဒကာမတွေ ပွေပွေလီလီတွေ ဇန္တာဘယတွေ များနေကြပါလိမ့်မလဲ နိဗ္ဗာန်ရချင်တဲ့ဥစ္စာပဲ၊ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး ရချင်ကြပါလျက်သားနဲ့ ဇန္တာဘယများပြီး ဟိုဟာတွေ ထွေထွေရာရာတွေ၊ များများစားစားကြံဖန်ပြီးသကာလ လုပ်ကိုင်နေကြတာ ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့၊ ဟို . . . ပါရမီဆယ်ပါး အပြားသုံးဆယ်လေးသချ်ေနဲ့ ကမ္ဘာတစ်သိန်းဖြည့်မှ လက်ဝဲရံ၊ လက်ယာရံတွေအလုပ်ကို ပြောသံကြားနဲ့အတုခိုးပြီးသကာလ လုပ်တာကတစ်မျိုး (မှန်လှပါဘုရား) ပြီးတော့ ကိုယ်ရချင်တာက

တစ်မျိုး . . . (မှန်ပါ့) အဲဒီလိုကြာပြီးသကာလနေတဲ့အတွက် ကြာနေကြတာ . . . (မှန်လှပါဘုရား)။

ပြီးတော့လည်း ဒီဗဟုသုတတွေကလည်း ကြားဖူးနားဝ တွေကလည်း ဒကာ ဒကာမတို့ တချို့ဟာ မမှန်ဘဲနဲ့ နှိပ်စက် နေတာကလည်း ရှိသေးတယ် (မှန်ပါ့ဘုရား)။

အဲဒါတွေကြောင့်လည်း ဒကာသစ်တို့ ဒကာကြွယ်တို့ရေ ကြာပြီးနေတာရှိတယ်နော် . . . (မှန်ပါ့)။

အခုတော့ဖြင့် ဆရာဘုန်းကြီးက ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပါဠိတော်တွေကို သေသေချာချာကိုးကား လားပြီး၊ ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် ဟောတာတွေကို အတိအလင်းပြောဆိုနေတော့၊ ဟာ. . . အခုဘဝသာဝကပါရမီ ဉာဏ်နဲ့ နိဗ္ဗာန်ကူးချင်ရင် နှစ်ကြောင်းရှိပါတယ်ကွာ. . . လို့ဆို တာ သေသေချာချာမှတ်ပါ. . . (မှန်ပါ့)။

## ယခုဘဝနိဗ္ဗာန်လိုချင်ရင်

ယခုဘဝနိဗ္ဗာန်သွားချင် ဘယ်နှစ်ကြောင်းပါလိမ့်. . . (နှစ်ကြောင်းပါဘုရား)။

ဒါဖြင့်လည်းဘုရား 'ဒါနံ သီလဉ္စ နိက္ခမံ၊ ပညာဝီရိယ ပဉ္စမံ' ဒါန ပါရမီ၊ သီလပါရမီတစ်ခုခု မဟုတ်ပါလား၊ အဲဒါမင်း တို့အတွက် ဟောတာမဟုတ်ပါဘူး၊ ဘုရားဖြစ်ချင်တဲ့လူအတွက် ဟောတာပါ . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

## ဘုရားဖြစ်ချင်တဲ့လူအတွက်ဟောတာ

ဘယ်သူ့အတွက်ပါလိမ့် . . . (ဘုရားဖြစ်ချင်တဲ့လူအတွက် ဟောတာပါဘုရား)။

အဲ. . . သူတို့လုပ်ရမည့်အလုပ်ကို သူတို့လုပ်တာ၊ ကျုပ်တို့လုပ်ရမည့်အလုပ် ကျုပ်တို့လုပ်ဖို့ပေါ့. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ကျုပ်တို့လုပ်ရမည့် အလုပ်ဟာနှစ်ကြောင်းပဲရှိတယ်လို့ဆိုပြန်တော့ ဒကာ ဒကာမတွေ ဒီနှစ်ကြောင်းကိုသိထားနှင့်ဖို့ အရေးကြီးတယ် . . . (မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိရင် တို့ဟာ ပါရမီက မပြည့်သေးဘူး. . . ဒါ့ကြောင့် တစ်စတစ်စပဲ ကြိုးစားရမည့်ပုံ ဒကာကြွယ်ရေ. . . အားငယ်တဲ့သဘော (မှန်ပါ့) နောက်ဆုတ်တဲ့သဘော၊ မပြည့်စုံသေးတဲ့သဘော . . . (မှန်ပါ့ဘုရား)။

ပြည့်စုံအောင် ကိုယ်ကလည်း သိမထားတော့ အားငယ်လျက်နဲ့ပဲ ဒီဘဝဒီမျှပဲဆိုပြီးသကာလ စုတေစိတ်ကျလိုက်ရတဲ့ ပုဂ္ဂိုလ်တွေလည်း ဒကာသစ် မနည်းလှဘူး . . . (မနည်းပါဘုရား)။

ဒီလိုခိုင်ခိုင်မာမာနဲ့ ဒကာ ဒကာမတွေ လိုရင်းကို မတွေ့ရသေးပြီဆိုမှဖြင့် အတုမခိုးကောင်းတာက တစ်မျိုး . . . (မှန်လှပါဘုရား)။

## မဝေဖန်တတ်တော့ခက်တယ်

ကိုယ့်ရည်ရွယ်ချက်က ဘာနဲ့သွားရ-သွားရ နိဗ္ဗာန်ရောက်ပြီးတာပဲဆိုတာ ကိုယ့်ရည်ရွယ်ချက် . . . (မှန်ပါ့) သို့သော်လည်း ဒါနအစ၊ သီလအလယ်၊ သမထ ဝိပဿနာအဆုံးတွေနဲ့ ဒကာ ဒကာမတွေက တစ်ခါတည်းနှုတ်တက်ပြီးနေပြန်တော့၊ ဟာ . . . ရည်ရွယ်ချက်ကဒါ . . . မပါ-ပါဘူး၊ ဒါကလည်း ဘုရားဆုပန်သာဝက ဆုပန်တွေ၊ လက်ဝဲရံ-လက်ျာရံဆိုတဲ့ ဆုပန်တွေ၏ အလုပ်တွေပါလားလို့လည်း ကိုယ်က မဝေဖန်တတ်တော့ဦးမာဒင် သိပ်ခက်တယ် . . . (ခက်ပါတယ်ဘုရား) သိပ် ခက်ပါတယ်နော် (မှန်ပါ့ဘုရား)။

## ဘုရားကိုယ်တော်တိုင်ဟောတယ်

ကိုင်း-ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး သူကိုယ်တိုင်ဟောတာပြောကြပါစို့ . . . (မှန်ပါ့)။

သူကိုယ်တိုင်ဘယ်လိုဟောလိုက်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ အေးကွာ . . . တဲ့၊ မိစ္ဆာဒိဋ္ဌိက သမ္မာဒိဋ္ဌိဖြစ်ချင်ရင် နှစ်ကြောင်းပဲရှိတယ် . . . တဲ့ . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိက . . . (သမ္မာဒိဋ္ဌိဖြစ်ချင်ရင် နှစ်ကြောင်းပဲရှိပါတယ်ဘုရား)။

နှစ်ကြောင်းပဲရှိတယ်၊ တခြားမများပါဘူးကွ . . . တဲ့ (မှန်ပါ့ဘုရား) ဒါ. . . ကိုယ်တော်တိုင်ဟောတယ်၊ အင်္ဂုတ္တိုရ်မှာလည်း ဟောတယ်. . . နော် . . . (မှန်ပါ့)။

## ရှင်မဟာကစ္စည်းဟောတယ်

သမ္မာဒိဋ္ဌိဖြစ်ရင် သောတာပန်တည်တော့တာပဲ (မှန်ပါ့) အဲဒီလိုသိပြီးသကာလ ထားတာကြောင့် နောက် ရှင်မဟာကစ္စည်းက **'ဒုဝေဟေတူ ဒုဝေပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ'** ဩော်-သာဝကပါရမီဉာဏ်တော့ နှစ်ကြောင်းပါပဲကွာ ဆိုတာ ဒါတို့ကြည့်ပြောတာ . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့နိဗ္ဗာန်ရရင် ယနေ့ယူမယ်ပေါ့ဗျာ . . . (မှန်ပါ့) နက်ဖြန်ရရင်. . . (နက်ဖြန်ယူပါမယ်ဘုရား) ဒီဘဝရရင် . . . (ဒီဘဝယူမှာပါဘုရား) ကဲ . . . ဒါဖြင့် နှစ်ကြောင်းအရေးကြီးတယ် . . . (မှန်ပါ့)။

ကဲ . . . သေသေချာချာလည်း ဒကာ ဒကာမတွေ မှတ်လည်းမှတ်ပါ။ ဒီနှစ်ကြောင်းကိုလည်း ပြည့်စုံအောင်လည်း လုပ်ပါဆိုတာ တိုက်တွန်းရတယ် . . . (မှန်ပါ့ဘုရား)။

## ဒီဘဝနိဗ္ဗာန်ရချင်တဲ့ပုဂ္ဂိုလ်၏အလုပ်

၁-နံပါတ်က ဘာတုံး . . . ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သစ္စာနဲ့ပတ်သက်တဲ့ တရားနာရမယ် (မှန်ပါ့ဘုရား)။

၁-နံပါတ်က (သစ္စာနဲ့ ပတ်သက်တဲ့တရားကိုနာရပါမယ်) နေရာကျပြီ၊ ဒါဟာကွာ . . . တဲ့၊ ဒီဘဝနိဗ္ဗာန်ရချင်တဲ့ ပုဂ္ဂိုလ်၏ ၁-နံပါတ်အလုပ်ပါပဲတဲ့ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ၂-နံပါတ် ပြောတော့မယ် . . . (မှန်ပါ့) ၂-နံပါတ်က ကိုယ်-ကိုယ်တိုင် နှလုံးသွင်းလိုက်တဲ့အခါ ဒါသစ္စာပဲလို့ နှလုံးသွင်းတည့်သွားလို့ရှိရင် သောတာပန်တည်တာပဲ . . . (မှန်ပါ့ဘုရား)။

## သစ္စာနဲ့ပတ်သက်တဲ့တရားနာပါ

ဪ . . . ဒကာ ဒကာမတို့ ဘယ်နှကြောင်းပါလိမ့် (နှစ်ကြောင်းပါ) ၁-နံပါတ်က သစ္စာနဲ့ပတ်သက်တဲ့တရားနာဖို့ ဗျ (မှန်ပါ့ဘုရား)။

သစ္စာနဲ့ ပတ်သက်တဲ့တရားကို . . . (နာဖို့ပါ) ၂-နံပါတ်က ကိုယ်-ကိုယ်တိုင်နှလုံးသွင်းလိုက်တဲ့အခါ ဒီသစ္စာတွေ့ဖို့ (မှန်ပါဘုရား)။

ဘယ်နှစ်ချက်ပါလိမ့် (နှစ်ချက်ပါ) ဪ-ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဝေးကြီးရယ်လို့ ထင်ပြီးသကာလနေလိုက်တာ၊ ကိုယ်တော်မြတ်ကြီး သေသေချာချာ ဟောတာမတွေ့ရသေးတော့ သူများသွားတဲ့လမ်းယောင်လိုက်၊ သူများဆုကြီးပန်နောက်ကို ယောင်လိုက်၊ ဆုလတ်ပန်နောက်ကို ယောင်လိုက်၊ ဒကာသစ် ဒါလိုက်နေတာနဲ့ ကြာနေတာပဲ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ကိုယ်သွားလိုတဲ့လမ်းက ယနေ့ နိဗ္ဗာန်ရရင် ယနေ့ယူမယ် . . . (မှန်ပါ့) နက်ဖြန်ရရင် နက်ဖြန် ယူမယ်၊ ဒီဘဝရရင် ဒီဘဝယူမယ်ဆိုတဲ့ ပုဂ္ဂိုလ်များအတွက်မှာဖြင့် နှစ်ကြောင်းပါ ပဲလို့ ဘုရားက ဟောလိုက်တယ် . . . (မှန်ပါ့) သဘောပါကြပလား . . . (ပါ ပါပြီဘုရား)။

သစ္စာတရားနာမှု (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား) ၁-နံပါတ်က ဘာပါလိမ့် . . . (သစ္စာတရားနာမှုပါ ဘုရား)။

## သစ္စာနာလို့သစ္စာတွေ့ရင်ပြီးတာပဲ

သေသေချာချာမှတ်ပါ၊ သစ္စာတရားနာမှုတဲ့ (မှန်ပါ့) ၂- နံပါတ်က နာတဲ့အတိုင်းနှလုံးသွင်းလိုက်တဲ့အခါ ကိုယ့်ခန္ဓာထဲမှ ဒုက္ခသစ္စာရှိလို့ ဒုက္ခသစ္စာတွေ့မှု . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သစ္စာနာလို့ သစ္စာတွေ့ရင်ပြီးတာပဲ . . . (မှန်ပါ့) မှတ်မိကြပလား . . . (မှတ်မိပါပြီဘုရား)။

ဘာတဲ့တုံးဗျာ . . . (သစ္စာနာလို့ သစ္စာတွေ့ရင် ပြီးပါ တယ်ဘုရား)။

နာတဲ့အခါလည်း ဘယ်တရားကိုနာရမလဲ . . . (သစ္စာ တရားကို နာရပါမယ်) အဲ . . . ဒီဘဝ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ် အတွက်ပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

ဆုကြီးပန်တွေအတွက်တော့ ဒါနတရားတွေ၊ သီလတရားတွေလည်းလိုသပေါ့ဗျာ . . . (မှန်ပါ့) ဟာ. . . တပည့်တော်တို့ဖြင့် ဒုက္ခခပ်သိမ်းငြိမ်းရင် ကြိုက်တာပါပဲ၊ တာရှည်တော့ဖြင့် မကြိုက်တာ အမှန်ပါပဲလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ကိုယ့်ဟာကလေးနဲ့ကိုယ် ဆုံးဖြတ်ချက်ချပြီးသား ဖြစ်ကြပါမှကား သစ္စာတရားဟောတတ်တဲ့ဆီကို နာလိုက် . . . (မှန်ပါ့) ပြီးတော့မှ ကိုယ့်ခန္ဓာထဲမှာ သစ္စာဟောထားတာက ကိုယ့်ခန္ဓာ၊ ကိုယ်က နှလုံးသွင်းလိုက်တဲ့အခါ ခန္ဓာထဲမှာ သစ္စာတွေ့လို့ရှိရင်ဖြင့် သမ္မာဒိဋ္ဌိဖြစ်၍ သာဝကဖြစ်ပါတယ် . . . (မှန်ပါ့ဘုရား)။

ဒါဖြင့်သိပ်ပြီး ဒကာ ဒကာမတို့မဝေးပါဘူး. . . (မဝေးပါဘုရား) ဝေးသလား . . . (မဝေးပါဘုရား)။

ဒကာသစ်ရေ၊ ဒီဟာ အားရှိအောင် ဟောနေတာလားတဲ့ ဘုရားကိုယ်တော်တိုင်က ဟောသလား . . . (ကိုယ်တော်တိုင်က ဟောတာပါဘုရား)။

## သုံးခါဟောလို့ လုံလောက်ပြီလို့ဆုံးဖြတ်

အင်္ဂုတ္တိုရ်မှာ တစ်ချက်ဟောတယ်၊ ပဏ္ဏာသ ပါဠိတော်မှာ တစ်ချက်ဟောတယ်၊ နောက်သူ့တပည့်ဖြစ်တဲ့ ရှင်မဟာကစ္စည်းက တစ်ခါဟောတယ် . . . (မှန်ပါ့) သုံးခါဟောတယ်ဆိုတော့ ဒကာ ဒကာမတို့ အင်း. . . လုံလောက်ပြီလို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့ဘုရား)။

လုံလောက်ပြီလို့ ဆုံးဖြတ်ချက်ချကြပါလို့ဆိုတာ ဒကာသစ်လေးလေးစားစားတိုက်တွန်းတယ် . . . (မှန်ပါ့ဘုရား)။

၁-နံပါတ်က ဘာပါလိမ့် (သစ္စာတရားနာရမှာပါ) ဩော်-သစ္စာတရားနာရမယ်နော် . . . (မှန်ပါ့ဘုရား)။

သစ္စာတရားနာလိုက်တော့ ဩော် . . . ခန္ဓာထဲမှ ဘာသစ္စာ၊ ညာသစ္စာဆိုတာ ကိုယ့်သညာနဲ့ သိတယ် . . . (မှန်ပါ) နောက်ကျတော့ ဆရာဘုန်းကြီးကသော်လည်းကောင်း၊ ကိုယ်တိုင်စေတနာသဒ္ဓါတရားထက်သန်၍သော်လည်းကောင်း၊ ခန္ဓာလှည့်ပြီး ဉာဏ်နဲ့ကြည့်လိုက်တော့ ဩော်-ဒါ ဒုက္ခသစ္စာတွေပဲ (မှန်ပါ့) ဒီလိုတွေ့တဲ့တစ်နေ့မှာပဲ နာထားတဲ့အတွေ့နဲ့ ကိုက်လို့ ရှိရင်ဖြင့် သောတာပန်တည်တာပဲ . . . (မှန်ပါ့ဘုရား)။

နာထားတဲ့ အတွေ့နဲ့ကိုက်ရင် . . . (သောတာပန်တည်ပါတယ်) သဘောပါပလား . . . (ပါပါပြီဘုရား)။

## ပထမနိဗ္ဗာန်ရောက်တော့မယ်

ဩော် . . . ဒါဖြင့် ဒကာ ဒကာမတို့ သောတာပန်တည်ရင် ပထမနိဗ္ဗာန်တော့ ရောက်တော့မယ် . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ပထမနိဗ္ဗာန်ရောက်ဖို့ အရေးဟာက ဘယ်နှရေး ပါလိမ့်မတုံးလို့ ဒကာကြွယ်တို့ မေးရင်ဘယ့်နှယ်ဖြေပါ့မလဲ (နှစ်ရေးပါဘုရား)။

နှစ်ရေးပဲ . . . (မှန်ပါ့) နေရာကျလိုက်တာ ဒကာ ဒကာမတို့ အင်မတန်နေရာကျပြီ ဒကာသစ်ရေ . . . (မှန်ပါ့ ဘုရား)။

၁-နံပါတ်က ဘာပါလိမ့်ဗျာ (သစ္စာတရားနာဖို့ပါဘုရား) နေရာကျပြီ။

၂-နံပါတ်က (သစ္စာတရားနဲ့နှလုံးသွင်းတည့်ဖို့ပါ) ကိုယ် နှလုံးသွင်းလိုက်တဲ့အခါကျတော့ သစ္စာတွေ့ရမယ်. . . (မှန်ပါ့ ဘုရား)။

## သာဝကပါရမီဉာဏ်ပြီးပြီ

ဒီနာဝုန်းကအတိုင်း နှလုံးသွင်းလိုက်တဲ့အခါကျတော့ တွေ့ပြီဆိုလို့ရှိရင် ဒကာ ဒကာမတို့ သာဝကပါရမီဉာဏ်ပြီးသွားပြီ (မှန်ပါ့) တယ်လည်းလွယ်ပါလား . . . (လွယ်ပါတယ်ဘုရား)။

သို့သော်လည်းတဲ့၊ ဒကာ ဒကာမတို့ ဆရာသမား လမ်း ဖြောင့်ဆွဲတတ်ဖို့ဥစ္စာက ဒကာကြွယ်မလွယ်ဘူးနော် . . . (မလွယ်ပါ) မလွယ်ဘူးတဲ့၊ မလွယ်ဘူး၊ မလွယ်ဘူး။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတွေ ယနေ့သည်ကားလို့ ဆိုလို့ရှိရင် သစ္စာတရားဟောလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ဒါအရင်တရားနာနည်း သင်ထားတဲ့ အတိုင်း နားက ဘုန်းကြီးပြောတဲ့သစ္စာတရားနာပါ (မှန်ပါ့) ဉာဏ်က ခန္ဓာကိုလှည့်ပါ . . . (မှန်ပါ့ဘုရား)။

နားက . . . (သစ္စာတရားနာရပါမယ်) ဉာဏ်က (ခန္ဓာ လှည့်ရပါမယ်ဘုရား)။

ဒါဖြင့် နားကလည်းသစ္စာတရားနာပါပြီ၊ ဉာဏ်ကခန္ဓာ လှည့်လိုက်လို့ နှစ်ချက်ညီသွားလို့ရှိရင်ဖြင့် သာဝက ပါရမီဉာဏ် ဒီအထဲတွင် ပြီးနိုင်ပါတယ် . . . (ပြီးနိုင်ပါတယ်ဘုရား)။

## သိပ်အဖိုးတန်ပါတယ်

ဒကာကြွယ် သိပ်အဖိုးတန်ပါလား (တန်ပါတယ်ဘုရား) အင်မတန်အဖိုးတန်ပါတယ်ဆိုတာ ဒကာ ဒကာမတို့ မရေတွက် နိုင်အောင် တန်တာပဲဆိုတာ မှတ်လိုက်ပါတော့ (မှန်ပါ့ဘုရား)။

ဘယ့်အတွက်ကြောင့် ဒါလောက်တန်တာကို ဘုန်းကြီး သည် ဒကာ ဒကာမတွေကို ပြောဆိုရပါလိမ့်မလဲလို့ မေးတဲ့အခါ ကျတော့မှ ကြွေးဟောင်းတွေ အကုန်ပြေ၍ ကြွေးသစ်တွေ အကုန်ပျောက်ပါတယ် . . . (မှန်ပါ့ဘုရား)။

အကုသိုလ်ကြွေးဟောင်းတွေ . . . (အကုန်ပြေပါတယ်) ယခုဘဝမှာတင်ထားတဲ့ ကြွေးသစ်တွေကော . . . (ပျောက်ပါတယ်ဘုရား)။

## ကြွေးဟောင်းပြေ၍ ကြွေးသစ်ပျောက်တဲ့တရား

အကုန်ပျောက်တာက ဒီသစ္စာတရားနာပြီး နှလုံးသွင်းလိုက်တဲ့အခါ သစ္စာတွေ့လို့-လို့ ဆိုတာဟာ ကြွေးဟောင်းပြေ၍ ကြွေးသစ်ပျောက်တဲ့တရားဆိုတဲ့ဥစ္စာ ဒကာ ဒကာမတို့ ပူစရာ မရှိတော့ဘူး . . . (မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိရင် ဒကာ ဒကာမတွေမှာ နှိပ်စက်တတ်တဲ့ တရား ဘုန်းကြီးရှင်းပြပါဦးမယ် . . . (မှန်ပါ့ဘုရား)။

ဩော် . . . တို့ဟာ မသိမလိမ္မာတော့ သားနဲ့, သမီးနဲ့, ဆွေနဲ့, မျိုးနဲ့ နေခဲ့ရတော့ ရရာရကြောင်း ရှာခဲ့ရတော့ တို့အကုသိုလ်တွေလည်း မနည်းလှဘူး . . . (မနည်းပါ) ဒီဟာ ကိုယ့်ဟာကိုယ်လာတဲ့ ကုက္ကုစ္စ . . . (မှန်ပါ့ဘုရား)။

## တရားသိလာလေ၊ မတရားကပေါ်လာလေ

ကိုယ့်ဟာကိုယ်လာတဲ့ဘာတုံး . . . (ကုက္ကုစ္စပါ) ကိုယ်ဟာကိုယ်လာတဲ့ ကုက္ကုစ္စလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

ဒီကုဋ္ဌုစ္စတွေက တော်တော်ကြာကျတော့ အသက်အရွယ်လည်းကြီးလာတော့ ဆရာကောင်း သမားကောင်းရှာပြီး သူတော်ကောင်းနားကပ်ပြန်တော့မှ အဲဒါတွေက ပေါ်လာတာ (မှန်လှပါဘုရား)။

အင်း-တရားတွေကလည်းသိလာ (မှန်ပါ့) တရားသိလာလေလေ။ မတရားကပေါ်လေလေပဲဖြစ်တော့တာပဲ (မှန်လှပါဘုရား)။

တရားသိလာရင် . . . (မတရားက ပေါ်လေလေပါဘုရား) မတရားတွေက ပေါ်ပေါ်လာတော့ ဩော်-အတော်ခက်ပါပေ့လား၊ မတရားကနည်းတာမဟုတ်ဘူး၊ တရားက အခုငါက ခြောက်ဆယ်ကျော် ခုနှစ်ဆယ်မှ တွေ့ရ၊ ဟုတ်မှဟုတ်ပါ့မလား ဆိုတဲ့ ကိုယ်ကုဋ္ဌုစ္စလာတယ်ဗျ . . . (မှန်ပါ့)။

## ရေကပတ္တနဂါးမင်းကြီး

အဲဒီ ကုဋ္ဌုစ္စကနေပြီးသကာလ ရေကပတ္တတို့လို အနှစ်နှစ်သောင်းတရားအားထုတ်ငြားသော်လည်း အပါယ်ကျတယ် (မှန်ပါ့) တိရစ္ဆာန်ဘုံကျသွားတယ် . . . (မှန်ပါ့) ကြောက်စရာမကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။

ဘယ်သူကချလိုက်ပါလိမ့်မတုံး . . . မေးတော့မှ ဒကာသစ် ကုဋ္ဌုစ္စ . . . (မှန်ပါ့)။

F( 2) A

ဒကာ ဒကာမတို့ ဘယ်သူကချပါလိမ့် . . . (ကုဏ္ဍလစ္စက ချပါတယ်ဘုရား)။

ဒီမှာလည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေအတွက်မှာ စိုးရိမ်တယ် . . . (မှန်ပါ) ဥပမာ ဒကာကြွယ်ဆို ခြောက်ဆယ်ကျော်ပြီ (မှန်ပါ) ဟာ ငယ်ငယ်တုန်းကတော့လည်း မသိလို့နေခဲ့ကြရတယ်. . . (မှန်ပါ) သားနဲ့ မယားနဲ့ ဆွေနဲ့ မျိုးနဲ့ . . . ဟင်း. . . ရောင်းဟဲ့၊ ဝယ်ဟဲ့အရောင်းမှား အဝယ်မှားလည်းရှိတာပဲ . . . (ရှိပါတယ်ဘုရား)၊ အပြောမှား အဆိုမှားတွေကော , . . (ရှိပါတယ်ဘုရား)။ အားပေးမှားတွေကော . . . (ရှိပါတယ်ဘုရား)။

## ကုဏ္ဍလစ္စက အပါယ်ချလိုက်တယ်

ဩော်. . . ငါတို့ကလည်း အခုမှ ဆရာကောင်း သမားကောင်းနဲ့ အသက်ခြောက်ဆယ်ကျော်မှ တွေ့ရ၊ မနည်းပါဘူး အကုသိုလ်တွေ (မှန်ပါ) အခုတရားနာကြည့်တော့မှ ကိုယ်လုပ်ထားတာတွေလည်း တကယ့်ကြောက်စရာကြီး . . . (မှန်ပါ) ကိုယ်လုပ်ထားတဲ့တရားကလေးကလည်း အခုမှ သုံး, လေးနှစ်၊ လေး, ငါးနှစ်ရှိသေး . . . (မှန်လှပါ) ဟုတ်မှဟုတ်ပါ့မလား. . . (မှန်ပါ)။

အံမာ . . . ဒီလိုဘုန်းကြီးကပြောတာ အသာထားနော်

ကုဏ္ဍလစ္စ - ဓနုဇာ တာဂါဆိုင် မြို့မကိုကြေညာသံ

(မှန်ပါ့) ခင်ဗျားတို့တွေးလုံး ဒီထက်ကြီးတယ်အောက်မေ့. . . (ကြီးပါတယ်ဘုရား)။

ခင်ဗျားတို့ တွေးလုံးက . . . (ဒီထက်ကြီးပါတယ်ဘုရား) အဲဒီလိုကြီးနေတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ ကုက္ကုစ္စကနေပြီး အပါယ်ချလိုက်တယ် . . . (မှန်ပါ့)။

ဘယ်သူက ချပါလိမ့် (ကုက္ကုစ္စအပါယ်ချပါတယ်ဘုရား) ပြုအပ်ပြီးသော ဒုစရိုက်ကိုးဗျ . . . (မှန်ပါ့) မပြုရသေးတဲ့ သုစရိုက်တွေကိုလည်းကိုယ်ကနည်းတယ် . . . (မှန်ပါ့) ဒုစရိုက်တွေက ကိုယ်ကများတယ် . . . (မှန်ပါ့) ခက်ပါသေးရဲ့ဆိုပြီး တော့ သေခါနီးကျမှ သူ့ကုက္ကုစ္စကနေ အပါယ်ချလိုက်တယ် (မှန်လှပါဘုရား)။

## ဒေါသဖြစ်ရင်ပါလာတယ်

ကုက္ကုစ္စကနေအပါယ်ချတယ်ဆိုတော့ ဒကာ ဒကာမ တွေ ပဋိစ္စသမုပ္ပါဒ်တန်းပြလိုက်တော့ သိပါတယ်နော် (မှန်ပါ့) ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဆိုတာ ဒေါသဖြစ်လို့ရှိရင် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စမပါဘူးလား (ပါပါတယ်ဘုရား)။

အဲဒီမှာ ဒေါသ၊ သောက၊ ပရိဒေဝ၊ ဥပါယာသ၊ အဝိဇ္ဇာ၊ သင်္ခါရဟုတ်လား . . . (မှန်ပါ့ဘုရား) ဟော . . . ဝိညာဏ်ဆိုတဲ့ အပါယ်ခန္ဓာငါးပါးလာတယ် (မှန်လှပါ) ဒီကနေချလိုက်တယ်

(မှန်ပါ့) ကုဋ္ဌာကုဋ္ဌိစ္စကနေ ချလိုက်တာ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီတရားတစ်ပွဲလုံးဖြင့် ပဋိသန္ဓေ လူလား မြောက်ကတည်းက စင်းလုံးချော သူတော်ကောင်း စိတ်နဲ့ချည့် လာခဲ့တာ တစ်ယောက်မှမပါဘူး . . . (မပါပါဘုရား)။

မပါပါဘူး . . . တဲ့၊ ရပ်နဲ့ရွာနဲ့ ဆွေနဲ့မျိုးနဲ့ သားနဲ့ သမီးနဲ့ အိမ်ထောင်ကျပြီးသကာလ ရရာရကြောင်း ရှာဖွေစားသောက် လာကြတဲ့ ဒကာ ဒကာမတွေပဲဆိုရင် ဒကာကြွယ် ငြင်းစရာလို သေးသလား (မလိုပါဘုရား) မလိုဘူးဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီဘုရား)။

## ဆရာကောင်းနဲ့တွေ့မှသိရတယ်

အခုလို ဆရာကောင်း သမားကောင်းနဲ့ တွေ့တဲ့အခါကျ တော့ တရားကလည်း သိရပြန်၊ ထိုကဲ့သို့ သိရတဲ့အခါကျတော့ မှ ဩော် . . . မိုက်သက်ရှည်ပြီး လိမ္မာသက်က တိုနေတယ် . . . (မှန်ပါ့ဘုရား) အံမာ ကိုယ့်ဟာကိုယ်လာတာ . . . (မှန်ပါ့)။

ဘယ်လိုလာပါလိမ့် . . . (မိုက်သက်ရှည်ပြီး လိမ္မာသက် က တိုပါတယ်ဘုရား)။

ဟုတ်မှဟုတ်ပါ့မလား . . . တဲ့၊ နောက်ဆုံးပိတ်ကျတော့ ဒါက ဆုံးဖြတ်ချက်ကျလာတယ် . . . (မှန်ပါ့)။

## မိုက်သက်ကရှည်ပြီးလိမ္မာသက်ကတိုနေ

မိုက်သက်ကရှည် လိမ္မာသက်ကတိုနေပြီးတော့ ကျင့်တော့ကျင့်တာပဲ၊ ဟုတ်မှဟုတ်ပါ့မလားဆိုတဲ့ ကုက္ကုစ္စ သံသယတွေက ဘယ့်နှယ်တုံး . . . (လာပါတယ်ဘုရား)။

လာတော့ ခင်ဗျားတို့ အဲဒါလာတာကိစ္စမရှိဘူး၊ လာသည်နဲ့တစ်ပြိုင်နက်တည်း သူတို့က ဒီကုက္ကုစ္စဆိုတာ ဒေါသပဲ . . . (မှန်ပါ့ဘုရား) ဒေါသ သောက ပရိဒေဝ ဥပါယာ ယ အဝိဇ္ဇာ သင်္ခါရ ဟော. . . စုတေမနေ သေလွန်တဲ့အခြားမဲ့၌ 'သင်္ခါရ ပစ္စယာဝိညာဏံ' ဆိုတဲ့ ခုနင်က ရေကပတ္တလို နဂါးကြီး သွားဖြစ်တယ် . . . (မှန်လှပါဘုရား)။

ဒါ. . . ဘယ်သူကချလိုက်တာပါလိမ့် . . . (ကုက္ကုစ္စချ တာပါဘုရား)။

အင်း. . . ငါတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် အကုသိုလ် သက်က ရှည်ပြီး ကုသိုလ်သက်က တိုနေပါလားဆိုတာ ခင်ဗျား တို့ အရွယ်ကလေးကြီးလာလို့ သေခါနီးလေလေ ဒီကုက္ကုစ္စက လာတတ်လေလေဖြစ်တယ် . . . (မှန်ပါ့)။

ဒါကို ဒကာ ဒကာမတို့ ငြင်းစရာများ လိုသေးသလား. . (မလိုပါဘုရား) ဝမ်းထဲမှာ မြှုပ်မထားပါနဲ့၊ ခင်ဗျားတို့ ဝမ်းထဲဖြစ်တဲ့ အတိုင်းပြောနေတယ် . . . (မှန်ပါ့) ခင်ဗျားတို့ ဝမ်းထဲဖြစ်တဲ့ အတိုင်းပြောနေတယ်ဆိုတာကို ဒကာသစ် သေသေချာချာမှတ် . . . (မှန်ပါ့)။

နဖူးပေါ်လက်တင်စဉ်းစားမှ ဆရာဘုန်းကြီးဟောတဲ့ တရားတွေ နာလိုက်ရမှ သြော် ကိုယ့်မှာ အနေဆိုးနေခဲ့လို့ အသေဆိုးများဖြစ်ဦးမှာလား . . . (မှန်ပါ့)။

အံမာ လာသေးသူက . . . (လာပါတယ်ဘုရား) မလာ တတ်ဘူးလား . . . (လာပါတယ်ဘုရား) ဒါ-ဘယ့်နှယ်ကြောင့် တုံး မေးတဲ့အခါကျတော့ ကုက္ကုစ္စ . . . (မှန်ပ့ါ) ရှင်းကြပလား. . (ရှင်းပါပြီဘုရား)။

## သူကကယ်လိမ့်မယ်

ဒါက စီးပွားရှိတာ - မရှိတာနဲ့ ဘာမှမဆိုင်ဘူး နဖူးပေါ် လက်တင်လို့လာတာ. . . (မှန်ပ့ါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါကဘာကြောင့် လာတာပါလိမ့် . . . (နဖူးပေါ်လက် တင်လို့လာတာပါဘုရား)၊ နဖူးပေါ်လက်တင်ပြီး တွေးလုံးတွေ ကြောင့် လာတာ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါတွေဟာလည်း ဒီတရားတစ်ပွဲလုံးမှာ အားလုံးပြောလိုက်ပါတယ်၊ လူတိုင်းမှာရှိတယ် . . . (မှန်ပ့ါ)။

အဲဒီတော့ . . . အဲဒီရှိတဲ့အဖြစ်ကြီးကိုလည်း ယနေ့ ခင်ဗျားတို့ ပယ်လိုက်ပါ . . . (မှန်လှပါ) ပယ်လိုက်တော့ဘာနဲ့ ပယ်ရမတုံးဆို ငါတို့သည် သစ္စာတရားနာရမယ် . . . (မှန်ပ့ါ)။

သစ္စာတရားနာရမယ်. . . (မှန်လှပါ) နှလုံးသွင်းတဲ့အခါ ခန္ဓာထဲက သစ္စာကို . . . (ကြည့်ရပါမယ်) အဲဒီတွေ့လို့ရှိရင် ခင်ဗျားတို့ သံသယကုက္ကုစ္စအကုန်ပျောက်. . . (မှန်လှပါ) သူက က. ာ်လိမ့်မယ် . . . (မှန်ပါ့) သူကယ်မည့်တရားဆိုဟာ သေချာပလား . . . (သေချာပါတယ်ဘုရား)။

ဒကာကြွယ် ယနေ့အရေးတကြီး ပြောနေတယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ဖြစ်စဉ်ကလည်း ဦးမာဒင် ငြင်းဖို့ လိုသေးသလား . . . (မလိုပါဘုရား)။

ဖြစ်စဉ်ကလည်း ဒါဘယ်သူဖြစ်ဖြစ် သြော် ကျုပ် အကြောင်းတော့ မပြောချင်ဘူးဗျာက စ,စလာတာပဲ . . . (မှန်ပါ့) မလာဘူးလား. . . (လာပါတယ်ဘုရား)။

လာတယ် လာတယ် ဒီဥစ္စာလူတိုင်းမှာ ခင်ဗျားတို့ အခု အပြင်ဘက်က အပေါ်ယံပြောနေပေမယ့် အတွင်းကဒါပဲ. . . (မှန်ပါ့) အတွင်းကတော့ ဒါသေသေချာချာ ရှိတယ်ဆိုတာ ဒကာကြွယ်တို့ ဦးမာဒင်တို့ ငြင်းဖို့လိုသေးသလား. . . (မလိုပါ ဘုရား)။

ငါ့မှာ သက်ဆိုးရှည်ကများပြီးသကာလ သက်ကောင်း ရှည်က တိုနေတယ် . . . (မှန်ပါ့) အင်း. . . သူလာချင်လာတာ ပဲ. . . (မှန်ပါ့) မလာဘူးလား . . . (လာပါတယ်ဘုရား)။

## ဟုတ်မှဟုတ်ပဲ့မလားဆိုတာပယ်လိုက်ပါ

ဟိုမှာ သားရေး သမီးရေး စီးပွားရေးနဲ့ ပြာယာခတ်ပြီးနေတုန်းက သက်ဆိုးရှည် (မှန်ပါ့) အခု သူတော်ကောင်းဘက်လိုက်လာတဲ့ အခါ သက်ကောင်းကတိုနေတယ် . . . (မှန်လှပါ) မလာဘူးလား . . . (လာပါတယ်ဘုရား) လာပြန်တော့ ဒါ. . . ဟုတ်မှ ဟုတ်ပဲ့မလားဆိုတဲ့ ဥစ္စာက နိဂုံးမချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) အဲ . . . ချုပ်တဲ့ဥစ္စာတွေကို ယနေ့အကုန်ပယ်လိုက် (မှန်ပါ့) အကုန်ပယ်လိုက်ပါလို့ တရားတစ်ပွဲလုံးကို ဘုန်းကြီးတစ်ပါးတည်းက တာဝန်ခံပါတယ် (မှန်ပါ့)။

## ဘာကြောင့်ဒါလောက်တာဝန်ခံရဲရပါလိမ့်

ဘာကြောင့် ဒါလောက်တာဝန်ခံ ဒါလောက်ရဲရပါလိမ့် မတုံးဆိုတော့ ဘုရားအားကိုးလို့ ရဲရတာ . . . (မှန်ပါ့)။

ဘုရားက သာဝကပါရမီဉာဏ်မှာ သစ္စာတရားကြီး နှလုံးသွင်းလိုက်လို့ သစ္စာတွေ့လို့ရှိရင်ကွာ သောတာပန်တည်ပါတယ်ဆိုတော့ အပါယ်လေးပါး သွားမည့်တရားတွေ အကုန်ပျောက်တယ် . . . (မှန်ပါ့) တွေးနေစရာလိုသေးသလား . . . (မလိုပါဘုရား)။

ဩော်. . . ဒါလောက်သိရတဲ့ အခြေအနေဟာလည်း အားပေးကောင်းလို့ ဒီလိုဖြစ်တဲ့အခြေအနေမျိုးမဟုတ်ပါဘူး. . .

(မှန်ပါ့) တကယ့်လုံလောက်တဲ့အကြောင်းတွေ ပြလိုက်လို့ ကြော်တို့စိတ်ချရသားပဲ . . . (မှန်ပါ့ဘုရား) ဆိုတာကို ရင်ထဲမှာကျသွားအောင် အောက်မေ့ပါ . . . (မှန်ပါ့)။

## အပေါ်ယံကလေးနဲ့ရင်မအေးပါနဲ့

ကိုင်း. . . ဒကာ ဒကာမတို့ ဒါဟာ ဘုန်းကြီးက အပြောအဆို လည်လည်ပတ်ပတ်ရှိလို့ တို့မှာဖြင့် ရင်အေးသွားရပေတယ်လို့ အပေါ်ယံကလေးနဲ့ ရင်မအေးပါနဲ့. . (မှန်ပါ့) သေသေချာချာ ဘုရားက သစ္စာတရားနာလို့ ကိုယ့်နှလုံး သွင်းလို့သစ္စာတွေ့လို့ရှိရင် ဒါ . . . သမ္မာဒိဋ္ဌိဖြစ်သောကြောင့် အပါယ်မကျဘူးကွတဲ့ (မှန်လှပါဘုရား) သေသေချာချာတာဝန်ယူပါတယ် . . . (မှန်ပါဘုရား)။

ဒကာကြွယ် ဘယ်လောက်အဖိုးတန်သတုံး. . . (တန်ပါတယ်ဘုရား)။

အင်မတန်အဖိုးတန်ပါတယ်တဲ့၊ အဲဒီတော့ ဒီလိုဘုန်းကြီးတို့ အခုပြောဆိုတဲ့ ဒီနှစ်လုံးကို မနာရတဲ့ ပုဂ္ဂိုလ်များအတွက်မှာဖြင့် ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဦးမာဒင်တို့ စဉ်းစားစမ်း (မှန်ပါ့) သူ့တွေးလုံးက သူသွားတော့မယ် . . . (မှန်ပါ့)။

သူ့တွေးလုံးနဲ့သူ ဘာတုံး . . . (သွားမှာပါဘုရား) ဘယ်လောက်ကြောက်စရာကောင်းသတုံး . . . (ကြောက်စရာကောင်းပါတယ်ဘုရား)။

## ကုက္ကုစ္စကြောင့်အပါယ်ရောက်

ကြည့်. . . ဧရကပတ္တ နဂါးမင်းကြီးဟာ ဒကာ ဒကာမတို့ အနှစ်နှစ်သောင်းရဟန်းတရားအားထုတ်ပါတယ်. . (မှန်ပါ့) သေခါနီးမှ ခုနင်ကပြောတဲ့ ကုက္ကုစ္စ၊ ငါ့ဒါကလေးကလိုသေးတယ်ဆိုတဲ့ ကုက္ကုစ္စ၊ ဒီအကုသိုလ်ကလေးရှိနေသေးတယ်ဆိုတဲ့ ကုက္ကုစ္စကနေပြီး အပါယ်ချတယ် . . . (မှန်ပါ့) ကြောက်စရာမကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။

သို့သော် . . . အခုလိုဖြေဖျောက်ပေးမည့် အသိဉာဏ်နှစ်ခုကိုပေးမည့်ဟာကလည်း ဘုရားမပွင့်ခင်က ဖြစ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ ဦးမာဒင်ရေ အကြုပ်တွေ့တယ် . . . (တွေ့ပါတယ်ဘုရား)။

## ခေတ်ကောင်းမှာဆရာကောင်းနဲ့တွေ့နေပြီ

အခုတော့. . . ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဘုရားသာသနာအတွင်း 'ဗုဒ္ဓုပ္ပါဒဒုလ္လဘ'ဆိုတဲ့အတိုင်း ဒီခေတ်ဒီအခါ ဒီအကောင်းထဲမှာလာပြီး ကြုံတာလည်းတစ်မျိုး (မှန်ပါ့) ဒီလိုကိုးကွယ်ဆည်းကပ်ပြီး ခင်ဗျားတို့ကလိုက်ရှာလို့ ဒီလိုပြောတတ်တဲ့ ဆရာသမားတွေ့တာကလည်း တစ်ဖုံဆိုသလိုပေါ့ဗျာ (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့အတွက် မှာဖြင့် အခုဒီတရားကို ဟောလည်းဟောပါလိမ့်မယ်၊ သစ္စာကိုလည်းဟောပါတယ် (မှန်ပါ့) သစ္စာခင်ဗျားတို့ မြင်တယ်ဆိုတာကိုလည်း ဘုန်းကြီးက ခင်ဗျားတို့ကို ဩော်. . . ခင်ဗျားတို့မြင်တာ သစ္စာပဲဆိုတာကို လည်း ပေါ်ပါလိမ့်မယ် . . . (မှန်ပါ့) ပေါ်လာလို့ရှိရင်ဖြင့် ဒီဟာ ဖိပြီးလုပ်ကြမယ် ဆိုလို့ရှိရင်ဖြင့် ဒကာသစ်တို့ ဒကာကြွယ်တို့ ကိုယ့်ကုဏ္ဍူစ္စလာစရာ ရှိသေးရဲ့လား (မရှိပါဘုရား)။

## ကြွေးဟောင်းပြေ၍ကြွေးသစ်ဆပ်ပြီးပြီ

ဒီလိုဆိုလို့ရှိရင်ဖြင့် ကြွေးဟောင်းတွေပြေ၍ ကြွေးသစ် ဆပ်ပြီးသား ဖြစ်ပါတယ် . . . (မှန်ပါ့ဘုရား)။

ကြွေးဟောင်းတွေပြေ၍ (ကြွေးသစ်တွေ ဆပ်ပြီးသားပါ ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကောင်းပြီ တချို့ ဒကာ ဒကာမတွေမှာ ဘာမှမဟုတ် တာကလေးနဲ့လည်း သံသယဖြစ်ပြီးသကာလ ကျုပ်ဟာ ဘယ်သူ ပြစ်မှားခဲ့တယ်၊ အဲဒါကလေးဟာ မကန်တော့လိုက်ရဘဲနဲ့ သေ သွားတယ်. . . (မှန်ပါ့) အံမာ . . . မဟုတ်တာကျတော့ ခင်ဗျားတို့က အရှိုးစွဲ-စွဲထားတယ် . . . (မှန်ပါ့ဘုရား)။

ဟုတ်တာကိုစွဲရမှာ ဒကာ ဒကာမတို့ . . . (မှန်လှပါ) ဟုတ်တာက ဘာတုံးလို့မေးတဲ့အခါကျတော့မှ ဟ. . . သစ္စာ

တရားနာရမယ်-(မှန်ပါ့) ကိုယ်နှလုံးသွင်းတဲ့အခါ ဒီသစ္စာတွေ့ရမတဲ့ (မှန်ပါ့) ဒါဆိုလို့ရှိရင်ဖြင့် ဘာမှ သံသယကုက္ကုစ္စ မလိုဘူးတဲ့ (မှန်လှပါဘုရား) သမ္မာဒိဋ္ဌိဖြစ်သွားပြီ၊ သမ္မာဒိဋ္ဌိဖြစ်သွားလို့ရှိရင် အပါယ်လေးပါးတံခါးပိတ် တယ်ဆိုတဲ့ဥစ္စာ မသေချာလား. . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဦးလှဘူး အားငယ်စရာ ရှိရဲ့လား . . . (မရှိပါဘုရား)။

## အမြင်နဲ့ဆုံးဖြတ်ချက်ချကြပါ

ကိုင်းဒါဖြင့် အသိမှာဖြင့် အားငယ်စရာမရှိပါဘူး၊ အမြင်နဲ့ဆုံးဖြတ်ချက်ချကြပါ . . . (မှန်ပါ့ဘုရား)။

အသိမှာဖြင့် . . . (အားငယ်စရာမရှိပါဘုရား) အမြင်ပြပေးဦးမယ်တဲ့ ဒကာ ဒကာမတို့နော် (မှန်ပါ့) အမြင်ပြပေးလိုက်တဲ့အခါကျတော့ ဩော် . . . ငါတို့သည် မမြင်သေးတဲ့ ပုဂ္ဂိုလ်ကမြင်အောင်လုပ်လိုက်. . . (မှန်ပါ့) မြင်နည်းကိုတော့ ဆရာဘုန်းကြီးက ဒီလိုကြည့်ရင် ဒီလိုမြင်တယ်ဆို မျက်မှန်တော့ တပ်ပေးမှာပဲ . . . (မှန်ပါ့) ခင်ဗျားတို့က ဒီမျက်မှန်ကို ဖြုတ်ဖြုတ်မပစ်နဲ့ . . . (မှန်ပါ့)။

## ဘုရားကတာဝန်ခံတယ်

အဲဒီကဲ့သို့ ဘုန်းကြီးပြောဆိုတဲ့အတိုင်း ဘုရားဟောတော်မူတဲ့အတိုင်း ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချပြီး အမှန်အကန်ကြည့်လို့ အမှန်အကန် သိလို့ရှိရင်ဖြင့် ဘာမှမပူပါနဲ့ . . . (မှန်လှပါဘုရား) ဘာမှမပူပါနဲ့ဆိုတဲ့ဥစ္စာကို ဘုရားကလည်း တာဝန်ခံတယ်၊ နှစ်ချီတောင်တာဝန်ခံတယ် . . . (မှန်ပါ့) ဘုရား၏တပည့်သားဖြစ်တဲ့ ရှင်အာနန္ဒာတို့ ရှင်မဟာကစ္စည်းတို့ အလုံးစုံတာဝန်ခံပါတယ် . . . (မှန်လှပါဘုရား)။

ကဲ . . . ဒါဖြင့် ဒကာကြွယ် အရေးတကြီးပြောကြစို့ . . . (မှန်လှပါဘုရား) ဒီဟာ ဦးမာဒင် အရေးတကြီးမပြောရင် ကောင်းကို မကောင်းဘူး . . . (မှန်ပါ့)။

## အသက်အရွယ်တွေကကြီးကုန်ပြီ

အားလုံး ဒကာ ဒကာမတွေ သနားပါတယ်၊ ကယ်တင်ချင်ပါတယ်၊ ယူဆောင်ချင်ပါတယ်၊ အသက်အရွယ်တွေလည်း ကြီးကုန်ပြီ၊ နက်ဖြန်သန်ဘက်သေမည့် ပုဂ္ဂိုလ်တွေလည်း ဖြစ်နိုင်တယ်ဆိုလို့ရှိရင်ဖြင့် ဒီနှစ်ခုကို အရေးတကြီး ပြောလည်းပေးရတယ် . . . (မှန်ပါ့)။

ပြောတဲ့ပုဂ္ဂိုလ်က . . . (ပြောလည်းပြောပေးရမယ်) အရေးတကြီးပြောပေးရမယ် . . . (မှန်ပါ့)။

လုပ်မည့်ပုဂ္ဂိုလ်ကကော . . . (အရေးတကြီးလုပ်ရပါမယ်) အရေးတကြီးပဲ လုပ်ရလိမ့်မယ်ဆိုတဲ့ဥစ္စာဖြင့် ဘုန်းကြီးတို့ဒကာ ဒကာမတွေ ဘယ်နည်းနဲ့မှ ရှောင်ကွင်းလို့ မရဘူး (မရပါဘုရား) ရှောင်ကွင်းလို့ရပ့ါမလား . . . (မရပါဘုရား)။

## အရေးတကြီးလိုလာတဲ့တရား

အဲဒါကြောင့် အရေးတကြီးလိုလာတဲ့တရား ဘယ်ဟာပါလိမ့်မလဲဆိုတဲ့ဥစ္စာဖြင့် ယနေ့အဖိုးတန်အောင် ပြောလို့တန်တယ် မယူဘဲနဲ့ တကယ်တန်လို့ တကယ်တန်တယ်ယူပါ. . . (မှန်လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် သစ္စာတရားနာရမယ် . . . (မှန်ပ့ါ) ရှင်းပလား (ရှင်းပါပြီ)။

သစ္စာတရားနှလုံးသွင်းလိုက်တဲ့အခါမှာ. . . (သစ္စာမြင်ရပါမယ်) မြင်ရမယ် . . . ။

## ဒီနှစ်ချက်ပြည့်စုံရင်အပါယ်မရောက်တော့

သစ္စာတရားကို . . . (နာရမယ်) နာရမယ်နော်. . . (မှန်ပ့ါ) ပြီးတော့ နှလုံးသွင်းလိုက်တဲ့အခါမှာ . . . (သစ္စာမြင်ရပါမယ်) သစ္စာတရားမြင်ရမယ်၊ ဤအင်္ဂါနှစ်ချက် ပြည့်စုံရင် အပါယ်လေးပါးတံခါးပိတ်တယ် . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ ကုဋ္ဌာစွကာ အပါယ်ချတတ်တာကိုး. . . (မှန်ပါ့) ချစရာအချက်အလက်ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

အဲဒါကြောင့် လူငယ်တွေမှာလည်း ဒီအပြစ်တွေ ရှိတာပဲ . . . (ရှိပါတယ်ဘုရား) လူကြီးတွေမှာလည်း (ရှိပါတယ်ဘုရား) တော်တော်ကြာ နဖူးပေါ် လက်တင်စဉ်းစားတဲ့အချိန်က ရောက်ဦးမယ် . . . (ရောက်ပါတယ်ဘုရား) ရောက်ရင် ကိုယ်ကုဋ္ဌာစွ လာမလာ . . . (လာပါတယ်ဘုရား)။

## အရေးတကြီးလိုလာပြီ

အဖြေကမထွက်လာ . . . (မှန်ပါ့) အပါယ်သွားမှာကြီး ကတော့လာနေပြီ. . . (မှန်ပါ့) အပါယ်တားမည့် အဖြေက မထွက်လာလို့ရှိရင် ခင်ဗျားတို့ ကိုယ်ကျိုးလှလှကြီးနည်းပြီ. . . (မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် အခုပြောမည့်တရားကို ဒကာကြွယ်၊ ဒကာသစ်တို့ အရေးတကြီးလိုလာတယ် (လိုလာပါတယ်ဘုရား) အရေးတကြီးလိုလာပြီဆိုတာ သဘောကျပလား. . . (ကျပါပြီ)။

## ဉာဏ်ကခန္ဓာလှည့်ပါ

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ သစ္စာတရား စ, ဟော တော့မယ် . . . (မှန်ပါ့) သစ္စာတရားစ, ဟောတော့ နားကသစ္စာ တရားနာပါ (မှန်ပါ့) ဉာဏ်ကဘယ်လှည့်ရမလဲ. . . (ခန္ဓာလှည့် ရပါမယ်ဘုရား) ခန္ဓာလှည့်လိုက်တော့ နာတဲ့အတိုင်း ခန္ဓာထဲမှာ တော့ တွေ့ရင်ပြီးတာပဲ . . . (မှန်ပါ့)။

နာတဲ့အတိုင်း ခန္ဓာထဲမှာတွေ့ရင် . . . (ပြီးပါတယ် ဘုရား) ပြီးတာပဲဆိုတော့ ဩော်. . . ဒါဖြင့်တော်သေးရဲ့၊ တော် သေးရဲ့ ဒကာကြွယ်ရေ . . . (မှန်ပါ့) တော်သေးရဲ့လို့ မဆိုနိုင် ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

## ကုစရာဆေးနဲ့တွေ့ကြပြီ

ဘာကြောင့် ဆရာဘုန်းကြီး တော်သေးရဲ့လို့ သုံးရပါလိမ့် မတုံးမေးတော့ ဒကာ ဒကာမတွေမှာ ကုစရာ ဆေးကလေးနဲ့ သွားတွေ့ပြီ . . . (မှန်ပါ့) ဟိုသေနှင့် သွားတဲ့ပုဂ္ဂိုလ်တွေကျတော့ ခုနင်က နဖူးပေါ် လက်တင်ပြီး စဉ်းစားတော့ သူတို့ကုဗ္ဗာစ္စနဲ့ သူတို့ ပြိတ္တာဘုံသွားလိုသွား၊ အပါယ်သွားလိုသွား မရှိကြဘူးလား . . . (ရှိပါတယ်ဘုရား) ဆေးမမှီလိုက်ပါဘူး . . . (မှန်ပါ့ ဘုရား)။

ဦးမာဒင်ဆေးမှီသေးသလား . . . (မမှီပါဘုရား) ခင်ဗျား ကို့အတွက် ဘယ်လိုစဉ်းစားမလဲ . . . (ဆေးမှီပါတယ်ဘုရား)။

## ဆေးမှီသေးတယ်

ဩော် . . . ဆေးမှီသေးတယ် ဆိုတဲ့ဥစ္စာသည် ဒကာကြွယ် တော်တော်ထူးတဲ့ ပုဇ္ဇစပဲ . . . (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါပြီ)။

ဆေးမှီတယ်ဆိုတာဘာပါလိမ့် (တော်တော်ထူးတဲ့ ပုဇ္ဇစပါဘုရား) တော်တော်ထူးတဲ့ ပုဇ္ဇစပဲ. . .၊ ပုဇ္ဇစ ကတပုညတာပေါ့ဗျာနော် . . . (မှန်ပါ့)။

တော်သေးတယ် တော်သေးတယ်ဆိုတော့ ဒကာ ဒကာမတို့ ဒီတရားဟာ နားကိုဘယ်မှမသွားမှ. . . (မှန်လှပါ) ကိုယ့်အရေး သက်သက်ပါလား၊ ကိုယ့်ဆေးသက်သက်ပါလား. . . . (မှန်လှပါဘုရား)

## ကိုယ့်ဆေးကိုဖိသောက်ပါ

ကိုယ့်အရေးနဲ့ ကိုယ့်ဆေး သက်သက်ပါလား၊ ကိုယ့်မှီရုံ ရှိတာကလေးဖြင့် ဒါကို ဖိသောက်ပြီးသကာလ ကုံက္ကုစ္စရောဂါ တွေ ပျောက်မည့်ဆေးပါကလား. . . (မှန်ပါ့) အပါယ်လေးပါး တံခါးပိတ်တဲ့ဆေးပါကလား. . . . (မှန်ပါ့) မဆိုထိုက်ဘူးလား. . . . . (ဆိုထိုက်ပါတယ်ဘုရား)။

အေး ဒါကြောင့် စိတ်ဘယ်မှမသွားဘဲနဲ့ သစ္စာတရား ဟောတော့မယ်ဆိုတာ သေသေချာချာမှတ်ပါ. . . (မှန်ပါ့)

## ဒုက္ခသစ္စာအရေးအကြီးဆုံး

ကောင်းပြီ ဒါဖြင့် သစ္စာတရား ဂရုစိုက်ကြ. . . (မှန်ပါ့) သစ္စာတရားဟောတော့မယ်ဆိုတော့ ဒကာ ဒကာမတို့ သစ္စာမှာ ဒုက္ခသစ္စာ အရေးကြီးဆုံး. . . . (မှန်ပါ့)။

ဒုက္ခသစ္စာဟာ (အရေးကြီးဆုံးပါဘုရား) အရေးကြီးဆုံးပဲ ဆိုတော့ ဒကာ ဒကာမတွေက မှတ်ထားလိုက်တာပေါ့၊ ဪ . . . တို့သန္တာန်မှာ ဘာပဲပေါ်ပေါ်၊ သွားချင်တဲ့စိတ်ပေါ်၊ အိပ်ချင်တဲ့စိတ်ပေါ်၊ ပျော်ချင်တဲ့စိတ်ပေါ်ဟုတ်လား. . . . (မှန်ပါ့ဘုရား)။

ကုသိုလ်လုပ်ချင်တဲ့စိတ်ပေါ်ပေါ်၊ ကျင်ကြီး-ကျင်ငယ် စွန့်ချင်တဲ့စိတ်ပေါ်ပေါ်၊ ဒီစိတ်ကလေးတွေဟာ ပေါ်လည်းပေါ်တယ်၊ ပျောက်လည်းပျောက်တယ်. . . (မှန်ပါ့ဘုရား)။

ပေါ်ပြီးတော့. . (ပျောက်ပါတယ်ဘုရား) ဪ အဲဒါသည် ဒုက္ခသစ္စာချည့်မှတ်. . . . (မှန်ပါ့)။

## ပေါ်ပြီးပျက်တဲ့တရားဟူသ၍

ပေါ်ပြီးပျောက်တဲ့တရားဟူသ၍. . . (ဒုက္ခသစ္စာချည့်ပါဘုရား)။

ဩော်. . . ဒါဖြင့် သစ္စာတရားဆိုတာ တခြားမှာလည်ပြီး ရှာရမလားအောက်မေ့တယ်၊ ဒကာ ဒကာမတို့ ကိုယ့်သန္တာန်ဖြစ်တဲ့ စိတ်ကလေးတွေ၏ ဖြစ်မှုပျက်မှုဟာ ဒုက္ခသစ္စာ. . . (မှန်လှပါဘုရား)။

ကိုယ့်သန္တာန်ပေါ်လာတဲ့တရားကလေးတွေ၏. . . (ဖြစ်မှုပျက်မှုဟာ ဒုက္ခသစ္စာပါဘုရား)။

## ဖြစ်မှုပျက်မှုဟာ ဒုက္ခသစ္စာ

ဖြစ်မှုပျက်မှုဟာဘာပါလိမ့်. . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခဆိုတော့ ဩော်. . . ဒါသစ္စာတရားဆိုတာတခြားလား အောက်မေ့နေတယ်. . . (မှန်ပါ့) ကိုယ့်ရုပ်ကလေးတွေ၏ ပူလိုက်-အေးလိုက် ဟာလည်း ဖောက်ပြန်ပျက်စီးနေတာ ဒုက္ခသစ္စာပဲ. . . (မှန်ပါ့) ကိုယ်စိတ်ကလေးတွေ၏ ဖြစ်လိုက်ပျက်လိုက်နေတာ. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . သစ္စာတရားဆိုတာဘာတုံးအောက်မေ့နေတယ်၊ ကျုပ်တို့က ဘုရားတွေ့မှပဲ သစ္စာတရားများ နာရတော့မယ် အောက်မေ့နေတာ. . . (မှန်ပါ့) မဟုတ်ပါဘူး၊ ဘုရားကိုက လက်ညှိုးညွှန်ထားခဲ့တာ. . . (မှန်ပါ့)။

## ဒုက္ခသစ္စာချည်းပဲ

ဘုရားက ဘယ်လိုလက်ညှိုးညွှန်ထားခဲ့သတုံး မေးတော့ ကွာ. . . တဲ့၊ သံခိတ္တေန= အကျဉ်းပြောရမှာဖြင့်၊ ပဉ္စုပါဒါနက္ခန္ဓာ ပိဒုက္ခာ=မင်းခန္ဓာတစ်ခုလုံးထဲ ပေါ်သ၍၊ ပျက်သ၍ ဘာတဲ့. . . (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဩော်. . . ကိုယ့်သန္တာန်မှာ ရှိတဲ့ တရားလည်း ပေါ်တာနဲ့ ပျက်တာပဲရှိတယ်လို့ ဘုရားက ဟောတယ်. . . (မှန်ပါ့) အဲဒါတွေဟာလည်း ဒုက္ခသစ္စာဆိုတာ တစ်ခြားလားအောက်မေ့နေတယ်၊ ခန္ဓာထဲမှာ ပေါ်သ၍၊ ပျက်သ၍ဟာ ဘာတဲ့တုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့က သစ္စာတရား နာရပြီ. . . (မှန်လှပါဘုရား)။

နာကြရပလား. . . (နာရပါပြီဘုရား) ခန္ဓာထဲပေါ်သ၍၊ ပျက်သ၍ဟာ. . . (ဒုက္ခသစ္စာပါဘုရား)။

ယားတယ်. . .၊ ယားတဲ့နေရာလေးမှာပဲ ပျောက်သွားတယ်၊ ပေါ်လည်းပေါ်တယ်၊ ပျောက်လည်းပျောက်တယ် ဘာတုံး. . . (ဒုက္ခသစ္စာပါဘုရား) ဒါ. . . နာတတ်ပြီနော်. . . (နာတတ်ပါပြီဘုရား)။

## စားချင်တဲ့စိတ်

ကောင်းပြီ စားချင်တဲ့စိတ်ကလေးဟာ ဒကာ ဒကာမတို့ စားချင်တဲ့စိတ်ကလေးဟာ ထိုင်ရင်းမတ္တနဲ့ ထမင်းဆာလာတယ်၊ စားချင်တဲ့စိတ်ကလေးပေါ်တယ်. . . (မှန်ပါ့) မပေါ်ဘူးလား ဝမ်းထဲမှာ. . . (ပေါ်ပါတယ်ဘုရား)။

စားချင်တဲ့စိတ်ကလေးပေါ်လာပြီး ဒီစားချင်တဲ့စိတ်ကလေးဟာ ထမင်းရှိတဲ့ဆီမသွားရပေဘူးလား. . . (သွားရပါတယ်) စားချင်တဲ့စိတ်ကလေးချုပ်ပြီး သွားချင်တဲ့စိတ်ကလေးပေါ်တယ်. . . (ပေါ်ပါတယ်ဘုရား) စားချင်တဲ့စိတ်ကလေးရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ ဒါ ဘာနဲ့အသက်ရှင်နေသတုံး သွားချင်တဲ့စိတ်နဲ့ အသက်ရှင်နေတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် စားချင်တဲ့စိတ်ကလေးဟာ ပေါ်လည်းပေါ်တယ်၊ ပျောက်လည်းပျောက်တယ်. . .၊ သူ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## သွားတဲ့စိတ်

သွားတဲ့စိတ်ကလေးဟာလည်း ဒကာ ဒကာမတွေက ထမင်းပွဲရှိရာ ထမင်းအိုးရှိရာသွားကြတာပဲ . . . (မှန်ပါ့ဘုရား)။

စားတော့မယ်ဆိုတော့လည်း ဒကာ ဒကာမတွေက စဉ်းစားကြည့်သေးတာပေါ့၊ ထမင်းကအလိုလို အုပ်က လာခဲ့တာ

မဟုတ်ပါဘူး. . . (မှန်ပါ့)၊ ထမင်းပွဲကလေးကိုနိုက်ရတယ်. . . (မှန်ပါ့) ထမင်းကလေးနှိုက်တော့ နှိုက်တဲ့စိတ်ကလေးလာတယ်၊ မစားရသေးဘူး . . . (မှန်ပါ့) နှိုက်တဲ့စိတ်ကလေးက ပါးစပ်ထဲ ထည့်ပေးလိုက်တော့ နှိုက်တဲ့စိတ်ကလေးဟာ ဒကာ ဒကာမတို့ စားပလား . . . (စားပါပြီဘုရား) သဘောကျပလား (ကျပါပြီ ဘုရား)။

## စားတဲ့စိတ်

ဒါဖြင့် စားတဲ့စိတ်ကလေးဟာဝမ်းထဲထည့်ပြီးစားလိုက်ပါပြီ၊ ပါးစပ်ထဲထည့်ပြီး စားလိုက်ပါတယ်၊ စားတာရှိတာပဲ မျိုတဲ့စိတ်ကတခြား (မှန်ပါ့) မျိုတဲ့စိတ်က ခင်ဗျားတို့ သေသေချာချာ စဉ်းစားကြည့်၊ အတော့်ကို အားထုတ်ရတယ် . . . (မှန်လှပါဘုရား)။

စားတဲ့စိတ်၊ ဝါးတဲ့စိတ်က ဝါးပေးဖော်ပဲရတယ် (မှန်ပါ့ဘုရား) မျိုတဲ့စိတ် သူ့ကို တစ်ခါတည်း မျက်လုံးမှိတ်ပြီး သကာလ မျိုယူရတယ်. . . (မှန်ပါ့) သူကတခြားဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဩော်. . . တို့သန္တာန် ဖြစ်လေသမျှ ပျက်လေသမျှ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) ဟာ. . . ဒါဖြင့် သစ္စာကရား, ခင်ဗျားတို့နာရပြီ . . . (မှန်ပါ့)။

## သစ္စာတရားနာကြရပြီ

ဒကာ ဒကာမတို့ ဘာတရားနာရသလဲ. . . (သစ္စာတရားနာရပါတယ်ဘုရား) ဩော်. . . သစ္စာတရားဖြင့်ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နာရပါပြီ. . . (မှန်ပါ့)။

သစ္စာတရားဖြင့် . . . (နာရပါပြီဘုရား) တို့သန္တာန်ဘာပေါ်ပေါ်၊ ဘာသစ္စာပေါ်မလဲ . . . (ဒုက္ခသစ္စာပေါ်ပါတယ်ဘုရား) ဒုက္ခသစ္စာပဲပေါ်တယ် . . . (မှန်ပါ့)။

ဒုက္ခသစ္စာပဲပေါ်တယ်ဆိုတော့ ခင်ဗျားတို့သန္တာန်ဖြင့်ဘာပဲလုပ်နေနေ ဒကာ ဒကာမတို့ ရောင်းချင်တဲ့စိတ်ကလေးပေါ်လာတယ်၊ ဝယ်ချင်တဲ့စိတ်ကလေးပေါ်လာတယ်၊ ပြောချင်တဲ့စိတ်ကလေးပေါ်လာတယ်၊ ပေါ်ချင်တာပေါ် ဒကာသစ်ဘာသစ္စာပေါ်၍ ဘာသစ္စာပျက်တာတုံး . . . (ဒုက္ခသစ္စာပေါ်၍ ဒုက္ခသစ္စာပျက်ပါတယ်ဘုရား) ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

## ပေါ်ချင်တာပေါ် ဒုက္ခသစ္စာ

ဩော်. . . ဒါဖြင့် တို့သန္တာန်မလှုပ်လေနဲ့ လှုပ်ရင် ဒုက္ခသစ္စာပဲ(မှန်ပါ့) မပေါ်လေနဲ့ ပေါ်ရင် . . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဒါဖြင့် ဒုက္ခသစ္စာသည် ဒကာ ဒကာမတို့လက်ညှိုးထိုးမလွဲဘူး . . . (မလွဲပါဘုရား)။

ဒကာကြွယ် ဘယ်လိုတဲ့တုံး . . . (လက်ညှိုးထိုးလို့ မလွဲပါဘုရား)။

လက်ညှိုးထိုးမလွဲဘူးဆိုတာက ဒကာ ဒကာမတို့ ဒီအထဲမှာ ခင်ဗျားတို့ လက်ညှိုးထိုးလို့ရှိရင်ဖြင့်၊ ဘယ်နည်းနဲ့ကောင်းကင် မလွတ်ဘူးဆိုတာ သိသလိုပေါ့ဗျာ (မှန်လှပါ) ခင်ဗျားတို့ ခန္ဓာထဲ ပေါ်ချင်တာပေါ်တာ ပေါ်ချင်တာ ပေါ်ပါစေ . . . (မှန်ပါ့) ဘာမှမပေါ်ဘူး၊ ရွှေလည်းမပေါ်ဘူး၊ ငွေလည်းမပေါ်ဘူး၊ သားလည်းမပေါ်ဘူး၊ သမီးလည်းမပေါ်လာဘူး . . . (မှန်ပါ့) ဘာတွေပဲ ပေါ်သတုံး . . . (ဒုက္ခသစ္စာတွေပဲပေါ်ပါတယ်) ဖြစ်ပျက် ဒုက္ခသစ္စာပဲပေါ်လာမှာပဲ . . . (မှန်ပါ့) သား, သမီး, ဆွေမျိုးညာတကာများ ပေါ်လာသေးသလား . . . (မပေါ်ပါဘုရား) ဘယ့်နှယ်ဘာပေါ်သတုံး . . . (ဖြစ်ပျက်ဒုက္ခသစ္စာပဲ ပေါ်ပါတယ်ဘုရား)။

သို့သော် တချို့ ဒကာ ဒကာမတွေက မသိသေးတော့ ကျုပ်စိတ်ထဲ သားကလေးချည့် ပေါ်နေတယ် ထင်တယ် . . . (မှန်ပါ့ဘုရား)။

## အာရုံပြုတဲ့စိတ်ပေါ်တာ

ဖြစ်မှဖြစ်ရပလေ၊ ဘယ်တော့မှ သားကလေးလည်း သူ့စိတ်ထဲမပေါ်ဘူး . . . (မှန်လှပါ) သမီးကလေးကော သူ့စိတ်

ထဲပေါ်ရဲ့လား . . . (မပေါ်ပါဘုရား) မဟုတ်ပါဘူးတဲ့၊ သမီး အာရုံပြုတဲ့စိတ်ကလေးပေါ်တာ . . . (မှန်ပါ့) သားကို အာရုံပြုတဲ့ (စိတ်ကလေးပေါ်တာပါဘုရား)။

ဒီစိတ်ကလေးကလည်း ပေါ်ပြီးဘာဖြစ်သွားသတုံး. . . (ပျက်သွားပါတယ်ဘုရား) ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) အို . . . ဒုက္ခသစ္စာပေါ်တာကို သူက သားပေါ်တယ် ပြောနေလို့ခက်နေတာ . . . (မှန်ပါ့) သမီးပေါ်နေတယ်ပြောလို့ (ခက်နေတာပါဘုရား)။

ဖြစ်မှုဖြစ်ရလေ ဒကာ ဒကာမတို့ပေါ်တာက ဒုက္ခသစ္စာ ဟုတ်လား (မှန်ပါ့) သူထင်တာက သားကလေး သမီးကလေး ထင်နေပြန်တော့ သူရူးပုံလည်းတစ်မျိုးပဲ . . . (မှန်လှပါ) မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

ဒါ. . . လူတိုင်းပြောနေတာ ဒကာကြွယ်ရေ . . . (မှန်ပါ့) ကျုပ်စိတ်ထဲမှာ သားကလေးချည့်ပေါ်နေတယ်. . . (မှန်ပါ့) သမီးကလေးချည့် . . . (ပေါ်နေတယ်ဘုရား) ပျောက်တဲ့ ပစ္စည်းကလေးချည့် . . . (ပေါ်နေပါတယ်ဘုရား)။

ဘယ်ဟုတ်ရမတုံး၊ အဲဒါတွေကပေါ်လို့ရှိရင် အိမ်ပေါ် ရောက်လာမှာပေါ့ . . . (မှန်ပါ့)။

## ပေါ်ပြီးပျောက်သွားတယ်

မပေါ်ပါဘူး ဒါတွေက . . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) သားဘက်ကို အာရုံပြုတဲ့စိတ်ကလေး ဒုက္ခသစ္စာပေါ်တာ . . . (မှန်ပါ့) သမီးဘက်ကို အာရုံပြုတဲ့စိတ် ကလေး . . . (ဒုက္ခသစ္စာပေါ်တာပါဘုရား) ပြီးတော့ သူဘာဖြစ် သွားသတုံး . . . (ပျောက်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာပေါ် ဒုက္ခသစ္စာချုပ်တာကို မသိသေးတဲ့ ပုဂ္ဂိုလ်က ဒကာ ဒကာမတို့ သားကလေးပေါ်နေတယ်. . . (မှန်ပါ့ဘုရား) သမီးကလေး . . . (ပေါ်နေပါတယ်) ပစ္စည်း ကလေး . . . (ပေါ်နေပါတယ်ဘုရား)။

ခက်ပြီ ဒကာကြွယ်ရေ . . . ပေါ်တာက ဒုက္ခသစ္စာ. . . (မှန်လှပါဘုရား) မဟုတ်ဘူးလား . . . (မှန်ပါ) သူက သား၊ သမီးလုပ်နေတော့ခက်နေပြီ . . . (ခက်ပါတယ်ဘုရား)။

## ဘာပဲပေါ်ပေါ် ဒုက္ခသစ္စာ

အဲ-ဒါမသိမှာစိုးလို့ဒကာဒကာမတို့ဘုရားက "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ကွ . . . (မှန်ပါ့) မင်း . . . သား၊ သမီး မပါဘူးနော် . . . (မှန်ပါ့) သေသေချာချာ ဟောရှာတယ်. . . (မှန်ပါ့ဘုရား)။

မင်းသန္တာန် ဘာပဲပေါ်ပေါ်၊ ရုပ်ပေါ်ပေါ်၊ စိတ်ပေါ်ပေါ် ဘာတဲ့တုံး . . . (ဒုက္ခသစ္စာပါဘုရား) မင့်သား၊ သမီးမပါဘူးလို့ သေသေချာချာကန့်ကွက်တယ် . . . (မှန်ပါ့)။

ခင်ဗျားတို့ကသာ အရှုးထပြီးတော့ သားကလေးချည့် ပေါ်နေတယ်၊ ကျုပ်ကလည်း အဝေးရောက်နေတာ သူ့မျက်နှာ ကလေးပေါ်ပေါ်နေတယ် . . . (မှန်ပါ့) ဘယ့်နှယ်ဖြစ်တာတုံး ဒကာကြွယ် . . . (အရှုးထ, တာပါဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အင်း . . . အိပ်ရာထဲ တစ်ယောက်တည်းရှုးတာက ရှိသေးတယ် (မှန်ပါ့) သဘောပါပလား . . . (ပါ-ပါပြီဘုရား)။

စင်စစ်တော့ဖြင့် ဒကာဒကာမတို့ သားဘက်လှည့်လိုက်လို့ သားအာရုံကလေးပေါ်တာ၊ သားကပေါ်တာလား၊ သားကို အာရုံပြုတဲ့စိတ်ပေါ်တာလား . . . (သားအာရုံပြုတဲ့စိတ်ပေါ်တာပါဘုရား) စိတ်ကလေးပေါ်ပြီး ပျက်တော့ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)။

## ပေါ်တာပျက်တာဒုက္ခသစ္စာ

အဲ ပေါ်တာကလည်း ဒုက္ခသစ္စာ၊ ပျက်တာကလည်း (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် သား၊ သမီးပေါ်တာလား၊ ဒုက္ခသစ္စာပေါ်တာလား (ဒုက္ခသစ္စာပေါ်တာပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒုက္ခသစ္စာ ပေါ်တာကို ဒကာ ဒကာမတွေက ဩော် . . ကျုပ်ဘာများဖြစ်ချင်တယ် မပြောတတ်ပါဘူးတဲ့၊ ဘာမှမဖြစ်ပါဘူး ဒုက္ခသစ္စာဖြစ်တာပါ . . . (မှန်ပါ့)။

ဘာများဖြစ်ချင်သလဲ၊ သားကလေးချည့် မျက်စိထဲမြင်နေတယ်. . . (မှန်ပါ့) သမီးကလေးချည့်. . . (မျက်စိထဲမြင်နေပါတယ်ဘုရား) ဘာများဖြစ်ချင်တယ်မသိဘူးတဲ့ (မှန်ပါ့ဘုရား) ဘာများဖြစ်ချင်တာမဟုတ်ဘူး၊ ခင်ဗျားအပါယ်ဖြစ်ချင်တာ. . . (မှန်ပါ့ဘုရား) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်ချင်တာတုံး . . . (အပါယ်ဖြစ်ချင်တာပါ) အပါယ်ဖြစ်ချင်တာကို ဘာများဖြစ်ချင်တယ်မသိဘူးလို့ လုပ်မနေနဲ့ . . . (မှန်ပါ့) မှတ်မိပလား . . . (မှတ်မိပါပြီဘုရား)။

## အပါယ်သွားချင်ကြလို့

သားကလေးချည့် ပေါ်နေရင် ဘာများဖြစ်ချင်ပါလိမ့် မတုံးလို့ တွေးမနေနဲ့တော့၊ ဩော်. . . ငါအပါယ်သွားဖို့ပဲ. . . (မှန်ပါ့ဘုရား)။

သမီးကလေးချည့်မြင်နေရင် . . . (အပါယ်သွားချင်လို့ပါဘုရား) ဘာများဖြစ်ချင်ပါလိမ့် သံသယတွေဘာတွေ ရှုပ်မနေနဲ့ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီတုရား)။

ဘာဖြစ်ချင်လို့တုံး . . . (အပါယ်သွားချင်လို့ပါဘုရား) အပါယ်သွားဖို့သေချာတာက ကိုယ့်ဟာကိုယ် ပုဗ္ဗနိမိတ်များ မကောင်းဘူးတဲ့၊ ဟုတ်တယ် မကောင်းဘူး ဒယ်အိုးနိမိတ် အဲဒါ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ဒယ်အိုးနိမိတ်ထင်လာတာ

ဘာနိမိတ်ထင်လာတာတုံး. . . (ဒယ်အိုးနိမိတ်ထင်လာတာပါ) ဒယ်အိုးနိမိတ်ထင်လာတာ ရှင်းပလား ဒကာကြွယ် (ရှင်းပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ သားကလေးမြင့်တာ မဟုတ်ပါဘူး၊ သားကို အာရုံပြုတဲ့ မနောစိတ်ပေါ်တာ. . . (မှန်ပါ့) မနောစိတ်ကလေးဟာပေါ်ပြီး ဘာတုံး . . . (ပျောက်သွားပါတယ်ဘုရား)။

အဲ. . . ပျက်သွားတော့ ဘာသစ္စာပေါ်သတုံး. . . (ဒုက္ခသစ္စာပေါ်ပါတယ်ဘုရား)။

## ဓမ္မစကြာမှာဒီအတိုင်းပါတယ်

အဲ. . . ဒါဖြင့်ဘုရားက 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ' မင်းတို့သန္တာန်ဘာပဲဖြစ်ဖြစ် ဘာတရားပေါ်ပေါ် ဘာသစ္စာတဲ့တုံး . . . (ဒုက္ခသစ္စာပါဘုရား) သားသမီးပါသေးသလား. . . (မပါပါဘုရား)။

ဒါ-ခမ္မစကြာမှာ ဒီအတိုင်းပါ-ပါတယ်. . . (မှန်ပါ့) တရားဦးမှာ ဒီအတိုင်းပဲဆိုတာ ဒကာ ဒကာမတွေ သေချာပလား (သေချာပါပြီဘုရား)။

## ဒီကရှေ့ကို ဗွေမဖေါက်ပါနဲ့

ဒါဖြင့် ခင်ဗျားတို့ ဗွေမဖောက်ပါနဲ့ ဒီက ရှေ့ကို . . . (မှန်ပါ့ဘုရား)။

ဒီကရှေ့ကို ဒကာကြွယ် (ဗွေမဖေါက်ပါနဲ့) ဗွေမဖောက်ပါနဲ့ ခင်ဗျားတို့ လူကြီးတွေကသာဆိုးတယ် (ဆိုးပါတယ်ဘုရား)။

လူကြီးက ရှေ့ရေးတွေးရတာနဲ့၊ နောက်ရေးတွေးရတာနဲ့ ခင်ဗျားတို့ ရှေ့နောက်မှီတာကို အတော်ခက်နေတယ်. . . (ခက်ပါတယ်ဘုရား) မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား)။

ရှေ့နောက်မှီတာကိုပဲ တွေးစရာနှစ်ဖက်ဖြစ်လာတယ်၊ သူတို့ ခလေးတွေက ဘာမှမသိဘူး၊ ရှေ့နောက်မမှီဘူး (မှန်ပါ့ဘုရား)။

အင်း. . . ခင်ဗျားတို့ ခြေလှမ်းက သိပ်ကျယ်ထားတော့ ရှေ့တွေးပြန်လည်း မကောင်းတာ တွေးမိတာပဲ . . . (တွေးမိပါတယ်) နောက်တွေးပြန်ကော . . . (မကောင်းတာ တွေးမိပါတယ်ဘုရား)။

အဲ. . . ဒါတွေ လိုရင်းမဟုတ်ပါဘူး ဒကာကြွယ်ရ၊ ပေါ်လာတဲ့တရား ဒုက္ခသစ္စာချည့်တွေး . . . (မှန်ပ့ါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ပေါ်လာတဲ့မွေဟူသ၍ . . . (ဒုက္ခသစ္စာချည့်တွေးရပါမယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတွေ သစ္စာတရား နာရမယ် (မှန်ပ့ါ) သစ္စာတရားနာရမယ်ဆိုတော့ အခုဘုန်းကြီးက သင်ပေးလိုက်တယ်၊ ခင်ဗျားတို့သန္တာန် ပူတာပေါ်တာလည်း ဒုက္ခသစ္စာ၊ အေးတာပေါ်တာလည်း . . . (ဒုက္ခသစ္စာပါ) ဆွေးတာပေါ်လည်း (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် စိတ်ကလေးပေါ်လာလည်း ဒုက္ခသစ္စာပေါ်တာပဲ . . . (မှန်ပ့ါ) ပူတဲ့စိတ်ကလေးပေါ်လာလည်း. . . (ဒုက္ခသစ္စာပေါ်တာပါဘုရား) ဆွေးတဲ့စိတ်ကလေးပေါ်လာရင်လည်း. . . (ဒုက္ခသစ္စာ ပေါ်တာပါဘုရား)။

## မျက်ရည်ကျချင်တဲ့စိတ်

မျက်ရည်ကျချင်တဲ့စိတ်ကလေးပေါ်လာလည်း (ဒုက္ခသစ္စာပေါ်တာပါ) ကုသိုလ်ပြုချင်တဲ့စိတ်ကလေး ပေါ်လာပြန်ရင်လည်း (ဒုက္ခသစ္စာပေါ်ပါတယ်) ပေါ်ချင်တာပေါ် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

အဲဒါပြောလို့ နာရတော့မှ ဩော်. . . ဒို့သစ္စာဆိုတာ တခြားလားအောက်မေ့တယ် ကိုယ့်သန္တာန်ပေါ်သ၍ ဒုက္ခသစ္စာ ပါလား. . . (မှန်ပါ့)။

ကိုယ့်သန္တာန်ပေါ်သ၍. . . (ဒုက္ခသစ္စာပါဘုရား) ရှင်းပြီ ရှင်းပြီ . . . (မှန်ပါ့ဘုရား)။

## သစ္စာတရားတော့နာရပြီ

သစ္စာတရားနာရပလား . . . (နာရပါပြီဘုရား) အဲဒီ တော့ သစ္စာတရားတော့ နာရပြီတဲ့ ဒကာ ဒကာမတို့ ကိုယ့်သန္တာန်ပေါ် ချင်တာပေါ်၊ ပေါ်သ၍ ဒုက္ခသစ္စာချည့်လို့ ဆရာဘုန်းကြီးက ပြောလို့ ဒကာ ဒကာမတွေက၊ ဩော်. . . ပေါ်ချင်တာပေါ်တာဟာ ဒုက္ခသစ္စာပဲတဲ့ မသိရဘူးလား . . . (သိရပါတယ်ဘုရား)။

## ရှေ့တစ်လှမ်းတက်ပါ

သိရတယ် သိရတော့ ရှေ့တစ်လှမ်းတက်မယ် (မှန်ပါ့) ဒါသိတဲ့တစ်လှမ်းတော့ဖြင့် သေချာသွားပြီ . . . (မှန်ပါ့ဘုရား)။

ရှေ့တစ်လှမ်း တက်ပါဦးတဲ့ ခင်ဗျားတို့၊ ရှေ့တစ်လှမ်း တက်လိုက်တဲ့အခါကျတော့ ဒီလိုပြောတာကို မနာနဲ့တော့. . . (မှန်ပါ့) ကိုယ့်ဟာကိုယ် အိမ်ပြန်ပြီးသကာလ ဖြစ်စေ၊ တစ်နေရာ

ကမ္မဋ္ဌာန်းကျောင်းမှာဖြစ်စေ၊ ဒီမှာ တရားနာဖို့ ဦးစွာရောက်တဲ့ အခါမှာ ဖြစ်စေပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

## ခန္ဓာကိုယ်ထဲရှောက်ပြီးကြည့်ပါ

ကိုယ့်ဟာကိုယ်ခန္ဓာကိုယ်ထဲရှောက်ပြီးကြည့်လိုက်၊ စားချင်တဲ့စိတ်ပေါ်လာတဲ့ ဩော် . . . ဒါကလေးဟာ ရှိသေးသလား မရှိတော့ဘူးလား ကြည့်လိုက်စမ်း . . . (မရှိတော့ပါဘုရား) မရှိဘူး . . . (မှန်ပါ့ဘုရား)။

မရှိတာကလေးဟာ ဘာတုံး . . . (ဒုက္ခသစ္စာ) အင်း . . . ဒါပျက်သွားပြီ . . . (မှန်ပါ့) ပျက်သွားတော့ သူ့ဟာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

စားချင်တဲ့စိတ်ကို ခုနင်က စိတ် ဘာစိတ်ပါလိမ့် မတုံးလို့ တွေးလုံး ဝိပဿနာရောက်လာတော့ သူရှိသေးရဲ့လား . . . (မရှိပါဘုရား) မရှိတာဟာ (ဒုက္ခသစ္စာပါ) သိတာက . . . (မဂ္ဂသစ္စာပါဘုရား)။

## ကိုယ်တိုင်တွေးလိုက်မှ သစ္စာတွေ့တယ်

ဟော . . . နေရာကျပြီ . . . (မှန်ပါ့) ဒကာ ဒကာမတို့ နေရာကျပြီ (မှန်ပါ့) ဘယ်လိုနေရာကျပါလိမ့်မတုံးဆိုတော့ ကိုယ်တိုင်တွေးလိုက်တော့ သစ္စာတွေ့တယ် . . . (မှန်ပါ့)။

ကိုယ်တိုင်တွေ့လိုက်တော့လည်း . . . (သစ္စာတွေ့ပါ တယ်ဘုရား)။

တစ်ခါအိပ်ချင်စိတ်ကလေးကိုလည်း ဘုန်းကြီးက အတွေးခိုင်းထားတယ် . . . (မှန်ပါ့) **'သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ'** သံခိတ္တံ စိတ္တံ = အိပ်ချင်တဲ့စိတ်ကို၊ သံခိတ္တံ စိတ္တန္တိ = ရှိသေးသလား မရှိဘူးလားလို့၊ ပဇာနာတိ = သိအောင် လုပ်ပါ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် အိပ်ချင်တဲ့စိတ်ကလေးဟာ ပေါ်လာတယ် . . . (မှန်ပါ့) တွေးကြစမ်း၊ ရှိသေးရဲ့လား . . . (မရှိပါ) တွေးတဲ့စိတ် က တခြားကိုးဗျ . . . (မှန်ပါ့) ဒါဖြင့် မရှိတာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) တွေးတာက . . . (မဂ္ဂသစ္စာပါဘုရား)။

ဩော် . . . ဒီလိုကိုယ်တိုင်တွေ့တဲ့အခါကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ပထမသစ္စာတရား နာထားတယ် (မှန်ပါ့) အခု တော့ ကိုယ်ကိုယ်တိုင် သစ္စာတွေ့တယ် . . . (မှန်ပါ့ဘုရား)။

## နှလုံးသွင်းမှန်သွားပြီ

ပထမကဘာပါလိမ့် (သစ္စာတရားနာထားပါတယ် ဘုရား) နောက်ကိုယ်ကိုယ်တိုင် နှလုံးသွင်းကြည့်တော့ . . . (သစ္စာတွေ့ပါတယ်ဘုရား) ဩော် . . . ဒါဖြင့် နှလုံးသွင်းမှန်သွား ပြီ . . . (မှန်ပါ့) နှလုံးသွင်းမှန်သွားပြီ ဒကာ ဒကာမတို့ . . . (မှန်ပါ့ဘုရား)။

ဘာပါလိမ့် (နှလုံးသွင်းမှန်သွားပါပြီ) နဂိုတုန်းက ငါစားချင်လိုက်တာဆိုတာ နှလုံးသွင်းလွဲနေတယ် . . . (လွဲနေပါတယ်) ငါအိပ်ချင်လိုက်တာဆိုတာ (နှလုံးသွင်းလွဲနေပါတယ်ဘုရား)။

ခုတော့ဖြင့် အိပ်ချင်တဲ့ စိတ်ကလေးကလည်း ဒုက္ခသစ္စာ (မှန်ပါ့) စားချင်တဲ့စိတ်ကလေးကလည်း . . . (ဒုက္ခသစ္စာပါ) ကဲ မိစ္ဆာဒိဋ္ဌိပျောက်ပြီး သမ္မာဒိဋ္ဌိရောက်ပြီ (မှန်ပါ့ဘုရား)။

## တွေးတယ်ဆိုတာအလုပ်လုပ်တာ

မိစ္ဆာဒိဋ္ဌိပျောက်ပြီးတော့ (သမ္မာဒိဋ္ဌိရောက်ပါပြီ) သမ္မာဒိဋ္ဌိရောက်ပြီဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ဪ. . . ဒါဖြင့် ဒကာ ဒကာမတွေ ပထမသစ္စာတရားနာထားလို့ ခန္ဓာကိုယ်ထဲ ဘာပေါ်ပေါ် သစ္စာသိထားတယ်. . . (မှန်ပါ့) နောက်ကိုယ်ကိုယ်တိုင်တွေးကြတယ် . . . (မှန်ပါ့) တွေးကြတယ်ဆိုတာ အလုပ်လုပ်တာ . . . (မှန်ပါ့ဘုရား)။

## ကိုယ်တိုင်တွေးတာအလုပ်လုပ်တာ

ကိုယ်ကိုယ်တိုင် တွေးတာဟူသ၍ဟာ . . . (အလုပ်လုပ်တာပါဘုရား)။

အလုပ်-လုပ်တာပဲဆိုတဲ့ဥစ္စာ သားတွေ, သမီးတွေကို ဆိုတာ မဟုတ်ဘူးဗျနော် . . . (မှန်ပါ့) ရှေ့စိတ်ကို နောက်စိတ်နဲ့ တွေးတာ (မှန်ပါ့ဘုရား)။

ရှေ့စိတ်ကို . . . (နောက်စိတ်နဲ့တွေးတာပါ) နောက်စိတ်နဲ့တွေးတဲ့အခါ ရှေ့စိတ်က ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ) နောက်စိတ်က. . . (မဂ္ဂသစ္စာပါဘုရား)။

## သာဝကပါရမီဉာဏ်ပြည့်ပြီ

ဩော်. . . ဒါဖြင့် သာဝကပါရမီဉာဏ်မှာ ဒါလောက်ဆိုရင် ပြည့်တာပဲ . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာထဲမှာ ကိုယ်ကိုယ်တိုင်တွေ့တဲ့အခါကျတော့ ဘာတွေများတွေ့ရပါလိမ့် . . . (ဒုက္ခသစ္စာတွေ တွေ့ရပါတယ်) ဒုက္ခသစ္စာချည့်တွေ့ရတယ်. . . (မှန်ပါ့ဘုရား)။

အင်း. . . ဒါဖြင့် နှလုံးသွင်း နဂိုတုန်းက မိစ္ဆာဒိဋ္ဌိတုန်းကတော့ ဦးမာဒင်ရေ ငါစားချင်တယ် . . . (မှန်ပါ့) စားချင်တဲ့စိတ် ဒုက္ခသစ္စာမဟုတ်ဘူး၊ ငါဖြစ်သွားတယ် . . . (မှန်ပါ့) အိပ်ချင်တဲ့စိတ်ဟာ ဒုက္ခသစ္စာဟုတ်ကဲ့လား (မဟုတ်ပါ) ငါဖြစ်သွား

တယ် (မှန်ပါ့) ပြောချင်တဲ့စိတ်ဟာ ဒုက္ခသစ္စာဖြစ်ကဲ့လား. . . (မဖြစ်ပါဘုရား) ဘာဖြစ်ပါလိမ့် . . . (ငါဖြစ်ပါတယ်ဘုရား)။

ငါဖြစ်သွားတယ်၊ ငါပြောချင်တယ်ဆိုတော့ မိစ္ဆာဒိဋ္ဌိ. . (မှန်ပါ့ဘုရား)။

အခုတော့ စားချင်တဲ့စိတ်ကလေး ကြည့်လိုက်ပြန်လည်း ဒုက္ခသစ္စာ. . . (မှန်ပါ့) အိပ်ချင်တဲ့စိတ်ကလေး ကြည့်လိုက်ပြန်လည်း . . . (ဒုက္ခသစ္စာပါ) ပြန့်လွင့်တဲ့စိတ်ကလေး ကြည့်လိုက်ပြန်လည်း . . . (ဒုက္ခသစ္စာပါဘုရား)။

## မိစ္ဆာဒိဋ္ဌိပျောက်၍သမ္မာဒိဋ္ဌိမဂ္ဂင်ရောက်

ဩော်. . ဒါဖြင့် မိစ္ဆာဒိဋ္ဌိပျောက်၍ သမ္မာဒိဋ္ဌိမဂ္ဂင်ရောက်ပြီ (မှန်ပါဘုရား)။

မိစ္ဆာဒိဋ္ဌိပျောက်၍ (သမ္မာဒိဋ္ဌိမဂ္ဂင်ရောက်ပါပြီ) သမ္မာဒိဋ္ဌိမဂ္ဂင်ရောက်ပါပြီ ဒကာ ဒကာမတို့ (မှန်ပါ့ဘုရား)။

ဒါဖြင့် သစ္စာတရားနာ၍ သစ္စာနှလုံးသွင်းတည့်ပြီ (မှန်ပါ့ဘုရား)။

သစ္စာတရား နာရသောကြောင့် . . . (သစ္စာနှလုံးသွင်းတည့်ပါပြီ) သစ္စာနှလုံးသွင်းတည့်သွားပြီဆိုတာ တော်တော်ရိပ်မိကြပြီ . . . (ရိပ်မိပါပြီဘုရား)။

## နှလုံးသွင်းတည့်တာဘယ်အချိန်ပြီးမှာတုံး

ဒါဖြင့် ဒကာ ဒကာမတို့ သစ္စာတရားနာလို့ သစ္စာနှလုံးသွင်းတည့်တော့ကို တပည့်တော်တို့ နှလုံးသွင်းတည့်တာ ဘယ်အချိန်ပြီးမှာတုံး၊ ဒါပဲလိုတော့တယ် . . . (မှန်ပါ့ဘုရား)။

နှလုံးသွင်းတော့ တည့်တော့တည့်ပြီ . . . (မှန်ပါ့) နှလုံးသွင်းတည့်တာလည်း ဘယ်အချိန်မှာ နှလုံးသွင်းတည့်တဲ့ ကိစ္စဟာ လမ်းဆုံးသတုံး . . . (မှန်ပါ့) မေးဖို့လိုလာတယ်. . . (လိုလာပါတယ်) မလိုဘူးလား . . . (လိုလာပါတယ်ဘုရား)။

အဲဒါဟာကလေးဟာ အခုနောက်ပြောမယ့် အချက်ဟာလည်း ဒကာ ဒကာမတို့ခင်ဗျားတို့ တော်တော်အရေးကြီးတယ် ဆိုတာလည်း မှတ်လိုက်ပါဦး . . . (မှန်ပါ့ဘုရား)။

## ဘယ်တော့ရှင်းရှင်းပိတ်မှာလဲ

နှလုံးသွင်းတော့တည့်သွားပြီ . . . (မှန်ပါ့) နှလုံးသွင်းတော့တည့်ပြီဘုရား၊ အပါယ်လေးပါးရှင်းရှင်းပိတ်အောင် နှလုံးသွင်း ဘယ်အခြေအနေရောက်အောင် တည့်မှ တပည့်တော်တို့ ခုနင်က ကြွေးဟောင်းပြေ၍ ကြွေးသစ်ပျောက်မှာပဲ . . . (မှန်ပါ့) မလိုဘူးလားဗျာ . . . (လိုပါတယ်ဘုရား)။

လိုတယ်တဲ့ အဲဒီတော့ ဒကာ ဒကာမတွေ ဂရုစိုက်ပြီး နားထောင်ပါ ၁၀-မိနစ်ပဲ ကျန်တယ်၊ ဒါကို သေသေချာချာ နားထောင်ရလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

## ဓမ္မာနုပဿနာဟောနေတာ

သေသေချာချာ နားထောင်ပါတဲ့၊ ဒကာ ဒကာမတွေက ခန္ဓာကိုယ်ထဲပေါ်တဲ့စိတ်ဟူသ၍ စိတ္တာနုပဿနာရှုတဲ့ ပုဂ္ဂိုလ်က စိတ်ပေါ့ဗျာ (မှန်ပါ့) ဝေဒနာနုပဿနာရှုတဲ့ပုဂ္ဂိုလ်က ဝေဒနာ၊ နောက်ဆုံးပိတ်သစ္စာဆိုတော့ တပေါင်းတည်းဖြစ်သွားတာပဲ (မှန်ပါ့ဘုရား)။

ဒီနေ့ဟောတာသည် ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာကို ပေါင်းပြီး ဓမ္မာနုပဿနာကို ဟောနေတယ်လို့ မှတ်လိုက် . . . (မှန်ပါ့ဘုရား)။

## သစ္စာဟောရင်ဓမ္မာနုပဿနာ

ဘာဟောပါလိမ့် . . . (ဓမ္မာနုပဿနာကိုဟောပါတယ်) ဓမ္မာနုပဿနာကို ဟောနေတယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက သစ္စာဟောရင် ဓမ္မာနုပဿနာသာ မှတ်ပေတော့ (မှန်ပါ့ဘုရား)။

ဒါဖြင့် သတိပဋ္ဌာန်ထဲကကော လွတ်ပါရဲ့လား (မလွတ်ပါဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတွေ ထိုင်ပြီးသကာလ သစ္စာတရားလည်းနာပြီးလို့ သစ္စာကိုနှလုံးသွင်းတည့်အောင် သွင်းပါတော့မယ်ဆိုတော့ သွင်းတိုင်းသွင်းတိုင်း ဘာတွေချည့် တွေ့နေသတုံး. . . (ဒုက္ခသစ္စာတွေချည့်တွေ့ပါတယ်ဘုရား)။

ဩော်. . . အတွေ့ခံရတာက ဒုက္ခသစ္စာ၊ တွေ့ဉာဏ်က မဂ္ဂသစ္စာ (မှန်ပါ့)၊ အတွေ့ခံရတာက (ဒုက္ခသစ္စာပါ)၊ တွေ့တဲ့ ဉာဏ်က (မဂ္ဂသစ္စာပါဘုရား)။

## လောကီသမ္မာဒိဋ္ဌိသေချာပြီ

ဩော်. . . ဒကာ ဒကာမတွေ အင်း လောကီသမ္မာဒိဋ္ဌိ သေချာပြီ. . . (သေချာပါပြီဘုရား)။

ဘာပါလိမ့်. . . (လောကီသမ္မာဒိဋ္ဌိသေချာပါပြီ) လောကီ သမ္မာဒိဋ္ဌိဖြင့် သေချာပြီပေါ့. . . (မှန်ပါ့)၊ ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ လောကီသမ္မာဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်မှ လောကုတ္တရာ သမ္မာဒိဋ္ဌိ ကူးနိုင်တယ်. . . (မှန်ပါ့ဘုရား)။

**လောကီသမ္မာဒိဋ္ဌိက ဒကာ ဒကာမတို့ မိစ္ဆာဒိဋ္ဌိ သတ်ပြီးလို့ လောကီသမ္မာဒိဋ္ဌိဖြစ်ရတာ. . . (မှန်ပါ့ဘုရား)။**

လောကီသမ္မာဒိဋ္ဌိက ဘာသတ်ပြီးလို့ဖြစ်ရပါလိမ့်. . . (မိစ္ဆာဒိဋ္ဌိသတ်ပြီးလို့ဖြစ်ရတာပါဘုရား)။

## အပယ်တော့မသွားဘူး

ဩော်. . . ဒါဖြင့် ကျုပ်တို့ မိစ္ဆာဒိဋ္ဌိ သတ်ပြီးကတည်းက အပါယ်တော့မသွားဘူး. . . (မှန်ပါ့)၊ သို့သော်. . . အပါယ်သာ မသွားသေးတယ်၊ သူဟာ သောတာပန်မတည်သေးဘူး. . . (မှန် ပါ့ဘုရား)။

## သောတာပန်မတည်သေးဘူး

သောတာပန်တော့မတည်သေးဘူး. . . (မှန်ပါ့)၊ ကဲ. . . တည်အောင်ပဲ ဒကာ ဒကာမတို့လုပ်ကြပါစို့. . . (မှန်ပါ့)၊ အပါယ်တော့မသွားတော့ဘူးနော်. . . (မှန်ပါ့)၊ ဘာကြောင့်တုံး မိစ္ဆာဒိဋ္ဌိသတ်ပြီးလို့. . . (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာတွေ့ကတည်းက ဘာသတ်သတုံး . . . (မိစ္ဆာဒိဋ္ဌိသတ်ပြီးပါတယ်ဘုရား)၊ မိစ္ဆာဒိဋ္ဌိသတ်တော့ ကိုယ့်သန္တာန်ဝမ်းထဲမှာ သမ္မာဒိဋ္ဌိရောက်နေပြီ. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘာရောက်နေသတုံး. . . (သမ္မာဒိဋ္ဌိရောက်နေပါတယ်)၊ သမ္မာဒိဋ္ဌိရောက်တယ်ဆိုတာ သေချာပလား . . . (သေချာပါပြီ)၊ အဲ. . . အပါယ်မရောက်သွားတာတော့ သေချာတယ်. . . (မှန်ပါ့)၊ သို့သော် အမြစ်မပြတ်ဘူး. . . (မှန်ပါ့ဘုရား)။

ဒီဘဝသေလို့ရှိရင်ဖြင့် ဒီအတိုင်းနဲ့ သေသွားလို့ရှိရင်တော့ အပါယ်တော့မရောက်သေးဘူး တစ်ဘဝ-နှစ်ဘဝ (မှန်ပါ့)၊ နောက်တော့ပြန်ချင်ပြန်မယ်ဆိုတော့ ဒါလည်း မကောင်းသေးဘူး. . . (မှန်ပါ့ဘုရား)။

## နှလုံးသွင်းမှန်ပြီ ဆက်ရှုပါ

မကောင်းသေးတဲ့အတွက် ဘုန်းကြီးတို့ဒကာ ဒကာမတွေက ကဲ. . . ကောင်းလက်စ အဆုံးတိုင်အောင် ယူကြစို့

(မှန်ပ့ါ)၊ ဆိုတော့ ဒီသစ္စာတွေမြင်ပြီးသကာလ ဖြစ်ပျက်တွေဟာ ဘာ သစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

အင်း. . . ဆက်ရှုဒကာ ဒကာမတို့ နှလုံးသွင်းမှန်ပြီနော် . . . (မှန်ပ့ါ)၊ ဒုက္ခသစ္စာမှတစ်ပါး ဘာရှိသေးသတုံး. . . (ဘာမှ မရှိပါဘုရား)။

နှလုံးသွင်းမှန်ပြီ ဒါဖြင့်. . . (မှန်ပ့ါ)၊ နှလုံးသွင်းမှန်လို့ရှိရင် ဆက်ရှုပါ. . . (မှန်လှပါ)။

## ဉာဏ်အမြင်၊ အထင်ပြောင်းတယ်

မှန်တော့မှန်ပြီ ဒကာ ဒကာမတို့ ဆက်ရှုပါဆိုတော့ ဒီဉာဏ်ပြောင်းသွားတယ်. . . (မှန်ပ့ါ)၊ ဆက်ရှုတဲ့ ဉာဏ်ဟာ ခုနင်က ဉာဏ်တော့ဉာဏ်ပဲ၊ ဉာဏ်ပင်ဖြစ်ငြားသော်လည်း အမြင် အထင်ပြောင်းတယ်. . . (မှန်ပ့ါ)၊ ဒီဒုက္ခသစ္စာတွေ မုန်းတယ်. . (မှန်ပ့ါ)၊ မမုန်းဘူးလား. . . (မုန်းပါတယ်ဘုရား)။

အင်း. . . ဒုက္ခသစ္စာချည့်ပဲ၊ ဘယ်. . . ကြည့်လိုက်လဲ ဒုက္ခသစ္စာ၊ ဟို. . . ကြည့်လိုက်ဒုက္ခသစ္စာ၊ ကြည့်ချင်တဲ့နေရာ ကြည့်၊ ဘာတွေတွေ့နေသတုံး. . . (ဒုက္ခသစ္စာတွေ တွေ့နေပါ တယ်ဘုရား)။

## ဒုက္ခအပေါ် မုန်းလာတယ်

ဪ. . . ခန္ဓာကိုယ်က တစ်ကိုယ်လုံးမှာဖြင့် ဒုက္ခတုံး၊ ဒုက္ခခဲကြီးဖြစ်နေပါပေါ့လားဆိုတော့ ဒုက္ခအပေါ်၌ မုန်းလာတယ် (မုန်းပါတယ်ဘုရား)။

ခုနင်ကတော့ ဒုက္ခသစ္စာသာရှိတယ် အခုတော့ ဒုက္ခသစ္စာ မုန်းလာတယ် (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

## မုန်းလျက်နဲ့ဆက်ရှု

ကဲ. . . ဒါဖြင့် မုန်းလျက်နဲ့ပဲ ဒကာ ဒကာမတွေ ဒုက္ခ ဆက်ပြီး ဘုရားပေးပြန်တယ်. . . (မှန်ပါ့)၊ ဆက်ရှုဆက်ရှု ဒကာ ဒကာမတွေ ဆက်ရှုပါဆိုတော့ မုန်းလျက်နဲ့ပေပြီး အရှုခိုင်း တယ်. . . (မှန်ပါ့)။

ရှုတဲ့အခါကျတော့ မုန်းလေလေ ကြာတော့ ဒကာ ဒကာမတွေ သန္တာန်မှာတဲ့ မလိုချင်တဲ့ဉာဏ်ဖြစ်လာတယ်. . . (မှန်ပါ့ဘုရား)။

## မလိုချင်တဲ့ဉာဏ်ဖြစ်လာတယ်

ဒီခန္ဓာကြီး ဒုက္ခသစ္စာကြီးကို ဘယ့်နှယ်တုံး. . (မလိုချင် တဲ့ဉာဏ်ဖြစ်လာပါတယ်)၊ မလိုချင်တဲ့ဉာဏ်ဖြစ်လာတော့ မဂ္ဂ သစ္စာပဲ၊ မဂ္ဂင်ရှစ်ပါးပြည့်တယ်. . . (မှန်ပါ့)၊ ခုနင်က ငါးပါးကိုးဗျ

. . . (မှန်ပါ့)၊ အခုမလိုချင်တဲ့ ဉာဏ်လည်း ရောက်ပါရော. . . (ရှစ်ပါးဖြစ်ပါတယ်ဘုရား)။

## မဂ္ဂင်ရှစ်ပါးဖြစ်တော့ ဒုက္ခသစ္စာပျောက်

ရှစ်ပါးဖြစ်တော့ ဒကာ ဒကာမတို့ မလိုချင်တော့ မလိုချင်တဲ့ဥစ္စာသည် ဒကာ ဒကာမတို့ပျောက်ပါတယ်. . . (မှန်လှပါဘုရား)။

ရှေးက ဒုက္ခသစ္စာတွေ ဘာဖြစ်သွားတုံး . . . (ပျောက်သွားပါတယ်ဘုရား)။

ဩော် ဒုက္ခသစ္စာပျောက်ပြီ. . . (မှန်ပါ့)၊ ဒါဖြင့် ဒီဉာဏ်သည် ဒုက္ခသစ္စာမြင်သလား၊ ဒုက္ခပျောက်တာမြင်သလား. . . (ဒုက္ခပျောက်တာမြင်ပါတယ်ဘုရား)။

ဟာ. . . တစ်သံသရာလုံးမပျောက်တဲ့ ဒုက္ခ. . . (မှန်ပါ့)၊ ဒီဘဝစုတေတော့ ဒုက္ခနဲ့သေတယ်၊ ပဋိသန္ဓေနေတော့ကော (ဒုက္ခနဲ့နေပါတယ်)၊ ဒီကြားထဲ ဘာနဲ့နေနေ. . . (ဒုက္ခနဲ့နေပါတယ်)၊ ဘယ်တော့မှ ကျုပ်တို့ဒုက္ခနဲ့ အိုးစားမကွဲခဲ့ဘူး. . . (မကွဲခဲ့ပါဘုရား)၊ ယခု သေသေချာချာမလိုချင်တော့ ဒုက္ခတွေဘာဖြစ်သွားသတုံး. . . (ပျောက်သွားပါတယ်ဘုရား)၊ ဒုက္ခတွေပျောက်တယ်. . . (မှန်ပါ့)။

## မဂ်နဲ့နေတယ်

ဒုက္ခတွေပျောက်ပြီးသကာလ မဂ်တည်းဟူသော တရားတွေက ဝမ်းထဲရောက်နေတယ်. . . (မှန်ပါ့)၊ မဂ်နဲ့နေတယ် . . . (မှန်ပါ့ဘုရား)။

ဒုက္ခပျောက်ပြီးသကာလ. . . (မဂ်နဲ့နေပါတယ်)၊ အဲ. . . မဂ်ရောက်လာတယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## ဖိုလ်လာတော့လည်းနိဗ္ဗာန်ပဲတွေ့နေ

ဒုက္ခပျောက်ပြီး မဂ်ရောက်လာ၊ မဂ်ရောက်လာ မဂ်လည်းချုပ်ပြီး တစ်ခါ ဖိုလ်လာပြန်တာပဲ. . . (မှန်ပါ့)၊ ဖိုလ်လာပြန်တော့လည်း ခုနင်က နိဗ္ဗာန်ပဲတွေ့နေတာပဲ. . . (မှန်ပါ့)။

ခုနင်က ဒုက္ခပျောက်တဲ့နေရာမှာပဲ တွေ့နေတယ်. . . (မှန်ပါ့)၊ ဒုက္ခပျောက်နေတဲ့နေရာနိဗ္ဗာန်. . . (မှန်ပါ့)၊ ဟုတ်လား၊ ခုနင်က ပျောက်သွားတာက မဂ်ဉာဏ်. . . (မှန်ပါ့)၊ ယခု ရှုနေတာက ဖိုလ်ဉာဏ်. . . (မှန်ပါ့)၊ ယခု ရှုနေတာက ဖိုလ်ဉာဏ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

## ပစ္စဝေက္ခဏာဉာဏ်

ဒီနောက် တစ်ခါ ဖိုလ်လည်း ဥပါဒ်-ဌီ-ဘင်ဆို ပျက်သွားတယ် ဒကာသစ်ရ. . . (မှန်ပါ့)၊ နောက်လာပြန်ပြီ ဒီနေရာပဲ

စိတ်စဉ်မပြတ်၊ ကျုပ်တို့မှမသေသေးရင် ဒါပြတ်ပါ့မလား (မပြတ်ပါဘုရား)၊ မပြတ်တော့ ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်ကြည့်လိုက်ပြန်တော့ ရှေ့ဘာမှမရှိဘူး၊ ဒုက္ခတွေပျောက် . . . (မှန်ပါ့ဘုရား)။

ဒုက္ခပျောက်တာ ဘာခေါ်ကြမယ် (နိဗ္ဗာန်ပါဘုရား) ဒုက္ခပျောက်တာကို မြင်တာက . . . (မဂ်ဉာဏ်ပါဘုရား)၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် . . . (မှန်ပါ့)။

## ဒုက္ခချုပ်တဲ့နိဗ္ဗာန်မြင်ရတယ်

ဒီဉာဏ်ရပြီဆိုတော့ ဒကာကြွယ်ရေ နေရာကျပြီ (မှန်ပါ့)၊ နေရာကျပြီ ဘယ်လိုနေရာကျပါလိမ့်မတုံး . . . ဆိုတော့ ဒုက္ခတွေပျောက်ပြီး နိဗ္ဗာန်မြင်ရပြီကောဗျ . . . (မှန်ပါ့ဘုရား)၊ ဒုက္ခချုပ်တဲ့နိဗ္ဗာန် မမြင်ရဘူးလား . . . (မြင်ရပါတယ်ဘုရား)။

## သစ္စာကြည့်လိုက်တော့ ကိစ္စပြီးတယ်

ထိုကဲ့သို့ မြင်ရတဲ့အခါကျတော့မှ . . . တဲ့၊ ဩော် . . . ဒို့ဆရာဘုန်းကြီးဟောတဲ့အတိုင်း ဘုရားဟောတော်မူတဲ့အတိုင်း သစ္စာတရားနာပြီး သစ္စာကြည့်လိုက်တာနဲ့ပဲ ကိစ္စပြီးတာပဲ (မှန်ပါ့)၊ သစ္စာတရားနာပြီးတော့ . . . (သစ္စာကြည့်လိုက်တာနဲ့ကိစ္စပြီးပါတယ်ဘုရား)။

## သစ္စာကြည့်လိုက်တာနဲ့သောတာပန်တည်တယ်

သစ္စာကြည့်လိုက်တာနဲ့ပဲ ဒကာ ဒကာမတို့ သောတာပန် တည်သွားပြီ (မှန်ပါဘုရား)၊ နောက်တစ်ခါ ဒီအတိုင်း ပြန်ကြည့်ရင် သကဒါဂါမ်တည်ဦးမယ် (မှန်ပါ့)၊ ဒီအတိုင်း သစ္စာတရားတွေကြည့်ပြီး သစ္စာတရားတွေ နှလုံးသွင်းလိုက်ပြန်ရင် (အနာဂါမ် တည်သွားပါတယ်)၊ နောက်တစ်ခါ ပြန်ကြည့်လိုက်ပြန်ရင် (ရဟန္တာဖြစ်ပါတယ်ဘုရား)၊ ရဟန္တာဖြစ်တော့မယ်. . . (မှန်ပါ့)၊ မလွယ်လားဗျာ. . . (လွယ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာသစ်ရေ. . . ကြွေးဟောင်းတွေဘယ့်နှယ် နေသတုံး. . . (ကျေပါတယ်ဘုရား)၊ ဒီဘဝမိုက်ထားတဲ့ ကြွေးသစ်တွေကော. . . (ပြတ်ပါတယ်ဘုရား)။

## အသက်ကြီးတော့ မိုက်သက်ရှည်ခဲ့တယ်

ဒါဖြင့် ကျုပ်တို့သည် ယနေ့ဟောတဲ့တရားမှာ ဒကာ ဒကာမတို့ ခင်ဗျားတို့အသက်အရွယ်ကြီးလာတော့ မိုက်သက်က ရှည်ခဲ့တယ်. . . (မှန်ပါ့)၊ လိမ်မာသက်က တိုနေတယ်လို့ မတွေးနဲ့. . . (မှန်ပါ့)၊ ဒါသာလုပ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

မိုက်သက်ကရှည်နေတယ်၊ ဒို့မှာ လိမ်မာသက်က တိုတယ်လို့ မတွေးပါနဲ့. . . (မှန်ပါ့)၊ အသက်ကြီးမှ တရားထူး

တွေ့နေတယ်၊ ငယ်ငယ်တုန်းကဟာတွေက လွန်ကုန်ပြီလို့ ဒီလို ကုက္ကုစ္စမလာစေနဲ့. . . (မှန်ပါ့)၊ ဒုက္ခသစ္စာရှာပြီး ဒုက္ခသစ္စာကို နှလုံးသွင်းလိုက်. . . (မှန်ပါ့)။

## ဒုက္ခသစ္စာမုန်းအောင်ကြည့်

ဒီအတိုင်း ဒုက္ခသစ္စာမြင်အောင်တွေး (မှန်ပါ့)၊ ဒုက္ခ သစ္စာကို မုန်းအောင်ကြည့်၊ ဒုက္ခသစ္စာကို မလိုချင်တဲ့ ဉာဏ် ပေါ်သည့်တိုင်အောင် တွေးလိုက်လို့ရှိရင်ဖြင့် ကြွေးဟောင်းပြေ ၍ ဒကာသစ် ဘာတုံး. . . (ကြွေးသစ်ပျောက်ပါတယ်ဘုရား)၊ ကြွေးသစ်ပျောက်တယ်ဆိုတာ ဘုရားဟောတော်မူပါတယ်. . (မှန်ပါ့)။

## ကြွေးဟောင်းကြွေးသစ်ကျေပါတယ်

"ကုသလာကုသလံဇဟံ" ခင်ဗျားတို့ ဘုံဘဝဝဋ် တောင့် တ, လုပ်တဲ့ကုသိုလ်တွေကလည်း အကျိုးမပေးတော့ဘူး. . . (မှန်ပါ့)၊ အကုသိုလ်အပါယ်သွားမှာတွေကော (မပေးတော့ပါ ဘုရား)၊ အကျိုးမပေးတော့ဘူးဆိုတော့ ကြွေးဟောင်း၊ ကြွေး သစ်ဘယ့်နှယ်နေကြသလဲ. . . (ကျေပါတယ်ဘုရား)၊ ကျေ တယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာ အင်္ဂါဝဋ္ဋ မဆက်နိုင်ပေမယ့်လည်း ဒကာ ဒကာမတို့ ကိုယ့်ကိစ္စကိုယ်ပြီးတယ်. . . (မှန်ပါ့)၊ ကိုယ့်သံသယ၊ ကိုယ့်ကိစ္စတွေကို ဒါနဲ့ဖျောက်ပါ. . . (မှန်ပါ့)၊ ရှင်းပလား. . ..(ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဂုံးချုပ်တော့မယ် ဒကာ ဒကာမတို့ ခင်ဗျားတို့ သစ္စာတရားကိုနာရင် နေရာကျမယ်. . . (မှန်ပါ့)၊ ကိုယ်တိုင် နှလုံးသွင်းလို့တွေ့ရင်. . . (နေရာကျမယ်ဘုရား)။

## သံသယစိတ်သတ်တဲ့နည်း

နေရာကျပြီ. . .၊ အဲဒါသည် ကြွေးဟောင်းပြေ၍ ကြွေးသစ်ပျောက်တဲ့နည်းပဲ. . . (မှန်ပါ့)၊ သံသယကုက္ကုစ္စ အကုန်သတ်တဲ့နည်းပဲ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ) ဒကာကြွယ် နေရာကျပလား. . . (ကျပါပြီဘုရား)။

တဲ. . . ယနေ့ဒီတွင် တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု